# မနုမနောတိုင်းရင်းသားမျိုးနွယ်စု၏ဒီးကူ(ခေါ်) ဖော့လပ်ပွဲ

မနုမနောဘာသာစကားဖြင့် ဖော့လပ်၏ အဓိပ္ပာယ်မှာ ရွက်ခူးပွဲဟုအဓိပ္ပာယ်ရပါသည်။ မနုမနောတိုင်းရင်းသားတို့သည် ဖော့လပ် ခေါ် ဒီးကူ(ဝါ) ကောက်ညှင်းထုပ်ပွဲကို နှစ်စဉ်ဇူလိုင်လ ၁၇ ရက် သို့မဟုတ် ၂၀ရက်၊၂၁ရက်နေ့တွင် နှစ်တိုင်းကျင်းပကြသည်။ ဒီးကူပွဲကျင်းပရခြင်း၏ ရည်ရွယ်ချက်မှာကျေးရွာတွင် ရောဂါဘယကင်းရှင်းရန်၊ နှိပ်စက်တတ်သော အနှောင့်အယှက်အန္တရာယ်ဆိုးများ ကျေးရွာတွင်းသို့မဝင်နိုင်စေရန် ရည်ရွယ်ကျင်းပရခြင်းဖြစ်ပါသည်။ ထိုပွဲတော်သည် မနုမနောတိုင်းရင်းသားတို့ အထွတ်အမြတ်ထားသောပွဲတော်ဖြစ်ပါသည်။

ဖော့လပ် (ခေါ်) ဒီးကူပွဲတော်သည်တစ်ရွာလုံးစုပေါင်းလုပ်ကြသည့်ပွဲတော်ဖြစ်ပါသည်။ ထိုသို့ပြုလုပ်ရာတွင်ပွဲတော်ကို နှစ်ရက်ကြာကျင်းပကြသည်။ ပွဲမတိုင်ခင်နေ့တွင် ဝက်သားကိုသုံးလေးအိမ်ပေါင်းပြီးချက်စားကြသည်။ ထိုပွဲတွင် ကျွဲ၊နွားများကိုသတ်ကာ သုံး၊ လေး၊ ငါးအိမ်ပေါင်းပြီးခွဲဝေ

ယူကြသည်။ အိမ်တိုင်းအသားအနည်းငယ်စီဝယ်ထားပြီးချက်ပြုတ်စားသောက်ကြသည်။ အမဲသားကိုလည်းသုံးလေးအိမ်ပေါင်းပြီး စုပေါင်းချက်စားကြသည်။ အနီးအနားရှိရွာများမှလာရောက်သည့်ဧည့်သည်တိုင်းကိုထမင်းကျွေးသည်။ သို့သော်မိမိတို့ဖိတ်ထားသော ဧည့်သည်ကို မိမိအိမ်တွင်ကျွေးမွေးကြသည်။

ပွဲမကျင်းပမီ တစ်ရွာလုံးတစ်စိတ်တစ်ဝမ်းတည်းဖြစ်အောင်ဝိညာဉ်ပြန်ခေါ်ကြသည်။ခေါ်သည့်အခါတွင် အရွက်သုံးမျိုးနှင့်အတူ ကြက်၊ ဝက်တို့နှင့်ပြန်ခေါ်ရသည်။ ထိုအရွက်များမှာကြောင်လျှာရွက် (ကောက်ညှင်းထုတ်မည့်ဖက်ရွက်)ခူးထွက်ရန် နေ့ကောင်းမကောင်းကို ကြက်ရိုးထိုး၍မေးရသည်။ ထို့နောက်ပွဲအကြိုနေ့တွင် လူဘော့ဂေါ်ဒေါ်လာ (ခ) ကြောင်လျှာရွက် တစ်ခက်ကိုလည်းကောင်း၊ နွယ်ဆူးပင်တစ်ကိုင်းကိုလည်းကောင်း၊ ကောက်ညှင်းထုပ်ရွက်တစ်ပင်ကိုလည်းကောင်း၊ ထိုအရွက်များကိုခူးခဲ့ကြပြီး ပွဲမကျင်းပခင် မကောင်းဆိုဝါးမလာနိုင်အောင်ထိုအရွက်များကို အိမ်နံရံတွင်လည်းကောင်း ၊ လှေကားထိပ်နံရံပေါ်တွင် ချိတ်ဆွဲထားရသည်။





ထိုအရွက်များ ချိတ်ဆွဲထားလျှင် နတ်ဆိုးများအိမ်ပေါ်မတက်ရဲဟုယုံကြည်ကြသည်။ ထိုသို့ပြုလုပ်ရသည့်ရည်ရွယ်ချက်မှာ ဒီးကူပွဲတော်သည်သန့်ရှင်းသောမိသားစုပွဲဖြစ်၍ ပွဲတော်အတွင်းမကောင်းဆိုးဝါးဖြစ်သောနတ်ဆိုးများအိမ်တွင်းရှိ မိသားစုအားလာရောက် အနှောင့်အယှက်မပြုနိုင်ရန်တားဆီးသောအထိမ်းအမှတ်ဖြစ်သည်။ ပွဲတော်ကျင်းပချိန်နတ်ဆိုးများလာကြည့်ပါက ထိုနတ်ဆိုးများအိမ်တွင်းသို့ဝင်ရန် ကြိုးစားပါက ကောက်ညှင်းထုပ်ရွက်ဖြင့် နတ်ဆိုးများ ဝင်မလာနိုင်စေရန်အတွက်ရည်ရွယ်သည်။ အချို့သောကျေးရွာများမှာလည်းမကောင်းဆိုးဝါးများ၊ နတ်ဆိုးများ ဝင်မလာစေရန်အတွက် ရိုက်ပုတ်မောင်းထုတ်၊ ခြောက်ထုတ်စေရန်ဝါးဖြင့်ရက်လုပ်ထားသော ဝါးကဒ်များကိုပြုလုပ်ကာထောင်ထားလေ့ရှိသည်။

ပွဲပြီးလျှင်နတ်ဆိုးများကျန်မည်စိုးသောကြောင့်နတ်ရုပ်တစ်ခုကိုဖေ့လဒ် (ခေါ်) ဒီးကူပွဲ အကြိုနေ့ကတည်းကပြုလုပ်ထားကြပြီး ရွာအပြင်၌နတ်ရုပ်တစ်ခုထားသည်။ နတ်ရုပ်ကိုပြုလုပ်ရာတွင် ဘူးသီး





အခြောက်ကိုဆေးသုတ်လိမ်းကာ မျက်နှာဆေးပုံ ခြယ်ကြသည်။ ခြင်းပလိုင်းတစ်ခုကိုလည်းခန္ဓာကိုယ် ပုံဖြစ်စေရန် အဝတ်စဖြင့်ပတ်ထားပေးကြသည်။ ထိုနေ့ညတွင်အရုပ်ကိုရွာထဲသို့မသွင်းမီလူနှစ်ယောက် ကအရုပ်အားမည်သည့်နေအိမ်တွင် နေမည်ဆိုသည် ကိုအဓိဋ္ဌာန်ပြု၍မေးကြလေသည်။ အဓိဋ္ဌာန်ပြု၍ မေးရာတွင် အရုပ်က နေချင်သောအိမ်ကိုပြသည်။ ထို့နောက်ရွာသူရွာသားများက အရုပ်ကို နေချင်သော အိမ်သို့ဆိုင်း၊ ဗုံတို့ဖြင့်လိုက်ပို့ပေးရသည်။

အိမ်ရောက်လျှင်ကျပ်ခိုးစင်ပေါ်တွင်တင်၍ထား ရသည်။ လူများကကျပ်ခိုးစင်တစ်ဝိုက်တွင်လှည့် လည်၍ကကြရသည်။ အရုပ်ကိုအကြိုနေ့နှင့်ပွဲနေ့ နှစ်ရက်သာကျပ်ခိုးစင်ပေါ်တွင် တင်ထားရသည်။ ထိုအိမ်သို့ရွာသားများက ကောက်ညှင်းထုပ်နည်း နည်းစီလာပေးကြသည်။ ပထမနေ့ အကြိုပွဲနေ့အ ဝင်နေ့တွင်လူငယ်များယမ်းထောင်း၍ တောင်ပေါ် တွင်သေနတ်ဖေါက်ပြီး ဤရွာတွင်ဒီးကူပွဲကျင်းပ မည်ဖြစ်ကြောင်း အသိပေးကြရသည်။ ဘုရား ကျောင်းတွင်လည်း မောင်းတီးကာ အသိပေးကြ သည်။ ထိုနေ့တွင်အိမ်တိုင်းတွင်ချူးထားသော ဒီး

ကူရွက်များဖြင့် ဒီးကူထုပ်ကာ ကောက်ညှင်းထုပ်များပြုလုပ်ကြသည်။ ညနေ နေဝင်ချိန်တွင်အိမ်အတွင်းမီးဖိုဘေး နံရံတွင်ကြက်ရိုးထိုးထားသောကြက်ရိုးနှင့်အတူ၊ ဝါးမောက်အသစ်တစ်ခု၊ ဒီးကူထုပ်တစ်တွဲ(ထိုတစ်တွဲတွင်တစ်ထုပ်ကိုဖြေထားရသည်)ကိုထိုးချိတ်ထားရသည်။

ထို့နောက်နတ်ကိုပူဇော်သည့်အနေဖြင့် ဂါထာများရွတ်ဆိုရသည်။ ထို့အပြင် "မိမိတို့အိမ်ကိုစောင့်ရှောက်ရန်၊ ရောဂါဘယကင်းဝေးရန်၊ စပါးသီးနှံကောင်းမွန်ရန်စောင့်ရှောက်ပါ"ဟုပြော၍ခေါင်ရည်ကိုဝါးမောက်ထဲသို့ လောင်းထည့်ရသည်။ ကျန်သောခေါင်ရည်ကို ယခင်နှစ်များက ချိတ်ထားသောဝါးမောက်ထဲသို့ လောင်းထည့်ရသည်။

ဒုတိယနေ့နံနက်၅နာရီ၊ ၆နာရီခန့်တွင် ဝက်၊ နွားများကိုသတ်ကြသည်။ ထို့နောက် ချက်ပြုတ်စားသောက်ကြသည်။ နေ့ခင်း ၁၂နာရီခန့်တွင် ရပ်ဝေးဧည့်သည်များလာရောက်ကြပြီး ထမင်းကျွေးမွေးကြသည်။ ပွဲတော်ကျင်းပသည့်နေ့တွင် အနီးအနားရွာမှလာသောဧည့်သည်များသည်အတီးအမှုတ်အကအခုန်များနှင့်ကြိုဆိုကြသည်။ ရွာခံလူငယ်များ

ကလည်း ဧည့်သည်များကိုသေနတ်ဖေါက်ပြီးကြို ဆိုကြသည်။ ကြိုဆိုသူများနှင့်တွေ့သည်တွင်ဧည့်သည် များကလည်းသေနတ်ဖြင့် ပြန်လည်၍ဖောက်ကြ သည်။ ဧည့်သည်များရွာထဲသို့ရောက်သည့်အခါ တွင် ရွာခံလူငယ်များနှင့် ဧည့်သည်များအားလုံးစု ပေါင်း၍ ပျော်ရွှင်စွာကကြသည်။

ညနေပိုင်းတွင် တစ်ရွာလုံးအိမ်တိုင်းမှ မီး (ထင်းမီးခဲ)တစ်တောင့်စီ၊အိုးခွက်အဟောင်းများ၊ ဒီးကူ ထုပ်များကို ခြင်းတောင်းငယ်များတွင်ထည့်ပြီး ရွာ၏ အပြင်ဘက်သတ်မှတ်ထားသောနေရာသို့လာရောက် ပို့ထားကြလေသည်။ ထိုကဲ့သို့ကျေးရွာမှ ပို့ထား သော ပစ္စည်းများကို တစ်နေရာတည်းတွင်စုပေါင်း ထားခြင်းဖြင့် တစ်ရွာလုံးနတ်ဆိုးများကို မောင်းထုတ် ကြသည်။ ရွာ၏အပြင်ဘက်သို့ရောက်ရှိလျှင် “သွားတော့”ဟု ဆိုပြီးမီးခဲကို အဝေးသို့လွှင့်ပစ်ကြ ရသည်။ ထိုသို့ နတ်ဆိုးကိုမောင်းထုတ်ပြီးလျှင်ပြု လုပ်ထားသော နတ်ရုပ်ကိုလည်း ရွာ၏အပြင်သတ် မှတ်ထားသော သစ်ပင်ပေါ်သို့ တင်ထားခြင်းပြု လုပ်သည်။ ထို့နောက် ဘုရားကျောင်းသို့ခေါ်သွား

ပြီးကပွဲများကျင်းပကာ ပွဲတော်အတွင်းတွင်လည်း တစ်အိမ်တက်တစ်အိမ်ဆင်း ပြုလုပ်ကြသည်။

ညနေ(၅)နာရီခန့်တွင် ဧည့်သည်များကိုထမင်းကျွေးရသည်။ ညနေ(၇)နာရီခန့်ကတည်းက ရွာခံရော ဧည့်သည်ပါမကျန်ရွှံ့ဗွက်များလူးကြသည်။ ရွှံ့ဗွက်များလူးသောအခါ ကိုယ်ကြိုက်ရာလူမရွေး အပျော်သဘောဖြင့်ရွှံ့ဗွက်များလူးပေးနိုင်သည်။တစ်ခြားရွာမှလာသော မိန်းမပျို၊မိန်းမအိုများ၊မိန်းမကြီးများ၊ လူကြီး၊ လူငယ်၊ ကျား၊ မ မရွေး အပျော်သဘောဖြင့် ရွှံ့ဗွက်များလူးပေးနိုင်သည်။ ဒီးကူပွဲတွင် ရွှံ့ဗွက်များလူးကြသောအခါ အပျိုချောများမှာ ပို၍လူးခံကြရသည်။စိတ်ဆိုးမှုမှာမရှိကြပေ။ မိဘမောင်နှမများကဝိုင်းပြီး ဖယ်ရှားပေးမှသာ သက်သာရာရောက်ပေသည်။ ထိုကဲ့သို့ ရွှံ့ဗွက်များလူးကြပြီးတစ်ညလုံးပျော်ကြသည်။ နံနက်မိုးလင်းသည်နှင့် အချို့ဧည့်သည်များသည် ပြန်ကြပြီးသောအခါတွင်လည်း ကျန်ရစ်ခဲ့သည့်ရွာခံများကလည်းညနေ၃နာရီ၊ ၄နာရီအထိဆက်ပြီးပျော်ကြသေးသည်။ ပွဲပြီး၍ဧည့်သည်များမိမိတို့၏ရွာသို့ပြန်ရာတွင် အသားအနည်းငယ်၊ ခေါင်ရည်ကျည်တောက်နှင့်ကောက်ညှင်းထုပ်

သုံးထုပ်တွဲထားသောအတွဲနှစ်ခု၊ သုံးခုစီကိုလက်ဆောင်ပေးလိုက်ကြသည်။ ဒီးကူပွဲတွင်လူကြီးလူငယ်အားလုံး ပါဝင်ဆောင်ရွက်ကြပြီး ပျော်ကြသည်။ အကယ်၍မပါဝင်လျှင် သီးနှံမအောင်မြင်ဟုယူဆကြသည်။ ရွှံ့ဗွက်မလူးလျှင်လည်း စပါးသီးနှံများမအောင်မြင်ဟု ယုံကြည်ကြသည့်အတွက်အားလုံးပါဝင်ကြသည်။ ထိုကဲ့သို့ဒီးကူပွဲတွင် ရွှံ့ဗွက်များလူးသည့်ဓလေ့မှာတစ်ရွာနှင့်တစ်ရွာမတူကြပေ။ ရှေးယခင်ကာလများက ကျေးရွာများတွင်ယင်းဓလေ့ကိုကျင့်သုံးခဲ့ကြသော်လည်း ယခုချိန်တွင် ရွှံ့ဗွက်လူးသည့်ဓလေ့မှာ မပြုလုပ်သလောက်နီးပါးပင်ဖြစ်သည်။ ထိုကဲ့သို့ရွှံ့လူးရခြင်းမှာ ကလေးမြေကြီးတွင်လူးလျှင် မြေဓာတ်ရပြီး ကျန်းမာရေးကောင်းသည်၊ သန်မာသည်ဟုယုံကြည်ကြသည်။ သို့သော်ယခုအခါတွင် ကြည့်ရှုမကောင်းဟုယူဆကြသဖြင့် ကျင့်သုံးမှုနည်းပါးလာခဲ့သည်။ခရိုးခိုတွင်မူ ဒီးကူပွဲတွင်ရွှံ့ဗွက်လူးသည့် ဓလေ့မှာကျင့်သုံးဆဲဖြစ်သည်။

# ကယောတိုင်းရင်းသားမျိုးနွယ်စု၏ အမင်္ဂလာပွဲကျင်းပခြင်း

ရှေးအခါကရွာတစ်ရွာ၌ အသုဘပွဲရှိသည်ဟု ဆိုပါက ပထမဦးဆုံးအိမ်ရှင်၏ ကျယ်လောင်သော ငိုချင်းသံများကိုကြားရသည်။ ထို့နောက် အမင်္ဂလာ မောင်းဆိုင်းသံများကိုကြားရသည်။တူမီးသေနတ်ရ ရှိသောအချိန်တွင်တူမီးသေနတ်ကို သုံးချက်ဖောက် ၍လည်းကောင်း၊ ကက်သလစ်ဘာသာသို့ကူးပြောင်း လာချိန်၌ ခေါင်းလောင်းတစ်ချက်ချင်းထိုးခြင်းဖြင့်လည်း ကောင်းအသုဘအကြောင်းကို ဖော်ပြလေ့ရှိသည်။ ထိုအခါသက်ဆိုင်ရာ ဆွေမျိုးများလာရောက်စုရုံး ကြသည်။ ကွယ်လွန်သောသူ၏ ပွင့်နေသောမျက်စိ ကိုပိတ်ရန် မိသားစုမှ ခရီးလွန်၍သော်လည်း ကောင်း၊ မရှိ၍သော်လည်းကောင်း၊ ပြုလုပ်ပေးရသူ ကို အမွေအနှစ်လက်ဆောင်အဖြစ် ယာတစ်ခင်း (သို့မဟုတ်) ခေါင်ထည့်ရန်စဉ့်အိုးကြီးတစ်လုံးကို လက်ခအဖြစ်ပေးရသည်။ အချို့အရပ်တွင်ကွယ် လွန်သောသူကို ရေချိုးပေးသောသူအား အထက်ပါ အတိုင်းပေးရသည်။ ထို့နောက်မည်သည့်တိရိစ္ဆာန်မှ

မသတ်ခင်ဦးစွာကြက်တစ်ကောင်ကိုသတ်၍ အသုဘ ကိုကိုင်တွယ်ပေးသောသူအား ချက်ကျွေးရပါသည်။

ရေးအခါက အသုဘပွဲတွင် ဖွဲ့ကာသီကာဖြင့် ငိုချင်းရှည်ချနိုင်သူကို ငှားရမ်းပြီးငိုခိုင်းလေ့ရှိသည်။ တစ်ဦးမှ အထက်ငိုကြွေးလေ့ရှိသည်။ သင်္ဂြိုလ်ပြီး သည်အထိလက်ခအဖြစ် ငွေဒင်္ဂါးတစ်ချပ်၊ အမဲသား တစ်ပိသာကို လက်ဆောင်အဖြစ်ပေးရသည်။ကွယ် လွန်သူ၏အသက်အရွယ်၊ရာထူး၊စီးပွားရေး၊ အဆင့် အတန်းအလိုက် တေးဖွဲ့ချီးမွမ်း၍ ငိုချင်းချလေ့ရှိ သည်။

ဆွေမျိုးများစု၍ ကွယ်လွန်သူ၏ ဆွေမျိုးများ ရှိရာ အရပ်ရှစ်မျက်နှာသို့ သွားရောက်သတင်းပို့ရန် စေလွှတ်ရပါသည်။ ၎င်းတို့၏လက်ခအဖြစ်အမဲ သားပေးရသည်။ ရွာရှိကာလသားလူငယ်များစု၍ အမျိုးသားများက ကျင်းတူးရန်တာဝန်ယူ၍ အမျိုး သမီး များမှာစပါးထောင်းရန်၊ ထမင်းဟင်းချက်ရန်၊ ခေါင်ဖောက်ရန်၊ ညှော်ခံရန်အတွက်တာဝန်ယူရပါ သည်။ ရွာထဲရှိလူလတ်ပိုင်း(၅)ဦး မှ (၇)ဦးထိရွေး ချယ်ပြီး သစ်တောထဲတွင်သွား၍အခေါင်းထွင်းရန် တာဝန်ပေးရပါသည်။ ၎င်းတို့အတွက် ထိုသို့ဒူး

အခေါင်းပြင်ရန် ဝက်တစ်ကောင်ကိုသတ်ပေးရပါသည်။ ကျွဲဖြစ်စေ၊ နွားဖြစ်စေတစ်ကောင်(သို့မဟုတ်)နှစ်ကောင်သတ်၍ အသားများကို အခြားရွာမှလာသောဧည့်သည်များနှင့် ရွာလုံးကျွတ် အညီအမျှခွဲဝေပေးရပါသည်။ ခေါင်း၊ ခြေထောက်၊ ကလီစာ၊ အမြီးများကို အသုဘဝေယျာဝစ္စ ကူညီပေးသူများအားအကုန်ခွဲ ဝေပေးရပါသည်။ (အိမ်တွင်မည်သည့်အသားများ မထားရပါ။)

ညပိုင်းတွင်အိမ်ရှင်များအား နှစ်သိမ့်ရန်အတွက်ရွာမှလည်းကောင်း၊ အခြားရွာမှလည်းကောင်း၊ ရိုးရာမြေယိမ်းအက( အာမီးအာပူကျူအက )ကို ဗုံရှည်၊ တွဲပလွေတို့ဖြင့် ညလုံးပေါက်ကကြသည်။(ကွယ်လွန်သူသည် အသက်(၁၂)နှစ်အောက်နှင့် အသက်(၆၀)အထက်ရှိမှသာလျှင် ကရ၍ လူလတ်ပိုင်းဖြစ်ပါကမကရပါ။) စကားထာများဖွဲ့၍ စကားစစ်ထိုးခြင်း၊ စကားရည်လုခြင်းများလည်း အပြိုင်အဆိုင်ပြုလုပ်ကြပါသည်။ အခေါင်းသယ်ယူသောအခါ အိမ်ရှင်မှာပို၍ငိုကြွေးရပါသည်။

ကွယ်လွန်သူ၏ ရုပ်ကလာပ်ကို အခေါင်းထဲထည့်ရန်အတွက် သင်ဖြူးဖျာတစ်ချပ်ကို ဦးစွာခင်း

ရပါသည်။ ဆန်အိတ်ငယ်တစ်လုံးချုပ်၍ ခေါင်းအုံး ပြုလုပ်ပေးရပါသည်။ ရှိယော်လူဂျိုးစောင်နှစ်ထည်ကို တစ်ထည်ခင်း၍ တစ်ထည်ခြုံပေးရပါသည်။ ခြေမ ထိပ်တွင်ချည်ကြိုးဖြင့် စည်းထားပြီးဆွေမျိုးများ ဝိုင်းဝန်း၍မချီကာ အခေါင်းထဲသို့ထည့်ရသည်။ ထို့ နောက် ရှိယောင်လူဂျိုးစောင်ကိုအခေါင်းပတ်လည် တွင်ကာထားရပါသည်။ ထိုအချိန်တွင်တူမီးသေနတ် တစ်ချက်မှ သုံးချက်အထိ ဖောက်ပေးရပါသည်။ကွယ် လွန်သူ၏ အသုံးအဆောင်ပစ္စည်းများကိုလည်း အမျိုး သား/အမျိုးသမီးအလိုက်ထည့်ပေးရပါသည်။ (တံဇဉ် နှင့်မီးခြစ်ကိုလုံးဝမထည့်ရပါ။)

ကွယ်လွန်သူအတွက်ရည်စူး၍ ထမင်းမြေအိုး ငယ်တစ်လုံး၊ ဟင်းမြေအိုးငယ်တစ်လုံး ၊ခေါင်မြေ အိုးငယ်တစ်လုံးတို့ကို အခေါင်း၏ဘေးတွင်ထား ပေးရသည်။ အသုဘမီးထွန်းရန်အတွက် အင်တွဲဖြစ် စေ၊ ထင်းရှူးဆီဖြစ်စေအသုံးပြုကြသည်။ အသုဘသို့ လာရောက်သည့်ဧည့်သည်များသည် ရွာဘေးသို့ ရောက်ရှိလာပါက ကြိုဆိုသောအားဖြင့် တူမီးသေ နတ်များကို တစ်ချက်မှငါးချက်အထိ ပစ်ဖေါက်ကြ သည်။ အသုဘချမည့်မြေကျင်းတွင် သစ်ရွက်အစိမ်း

ကြွေကျပါက လူလတ်ပိုင်းဆုံးမည်၊ သစ်ရွက်အဝါ ကြွေကျပါကသက်ကြီးပိုင်းဆုံးမည်၊ ကြွက်ကလေး ကျပါကငှင်း၏ဆွေမျိုးထဲမှတစ်ဦးဆုံးမည်၊ ဖားကျ ပါကဆွေမျိုးထဲမှ ကလေးဆုံးမည်၊ နံ့ကောင်ကျပါ ကမိသားစုမှတစ်ဦးဦး ထပ်သေဆုံးမည်ဟု နိမိတ် ကောက်ကြသည်။

အသုဘကို တစ်ရက်မှသုံးရက်အထိထား လေ့ရှိပြီး သုံးရက်မြောက်သောနေ့ မွန်းလွဲပိုင်းတွင် အသုဘချလေ့ရှိသည်။ ယခုအခါ မနက်ပိုင်းတွင် မုံ၊ ပုလွေဖြင့်တခမ်းတနားသင်္ဂြိုလ်လာသည်ကို တွေ့ရ ပါသည်။ ကွယ်လွန်သူအတွက်ရည်စူး၍ (၇) ဘဝ အတွက် ငွေဒင်္ဂါးတစ်ချပ်၊စပါး၊ပြောင်းမျိုးစုံ၊ပဲ၊နှမ်း၊ ဝါ၊ ပိန်းဥ၊ မျောက်ဥများကိုလည်းထည့်ပေးရပါသည်။ အသုဘချပြီးနောက်အိမ်သို့အပြန်တွင် အိမ်လှေကား ရင်း၌ ခြေ၊ လက်၊ မျက်နှာများကို ကင်ပွန်းသီး၊ တရော်၊ ခေါင်းလျှော်ရည်ဖြင့်ဆေးကြောပြီးအိမ်ပေါ်သို့တက်ကြ ရသည်။အသုဘကျင်းတူးသည့်ပေါက်တူး၊ ပေါက်ပြား၊ ဓား၊ ပလိုင်းများကို အသုဘမချမချင်းအိမ်သို့ယူ ဆောင်လာခြင်းမပြုဘဲ သင်္ချိုင်း၌သာ ချန်ထားရပါ သည်။ ဆွမ်းသွတ်သောအစားအစာထဲ မှအသားကို

မိသားစုဝင်များမစားဘဲ ရှောင်ကြဉ်ကြသည်။ ထို့ပြင် အသုဘပွဲတွင် ကျွေးသောအသားကို ရှာခံမှလည်းကောင်း၊ ဧည့်သည်မှလည်းကောင်း၊ အရသာကောင်းသည်၊ စားလို့ကောင်းသည် လုံးဝမပြောရ။ အိမ်ရှင်သည် (၆)လအတွင်းအဆူးရှိသော ဟင်းသီးဟင်းရွက်များ၊ အစေးရှိသော ဟင်းသီးဟင်းရွက်များ၊ကျောက်ကပ်ရွက်၊ ချေသားများကိုရှောင်ကြဉ်ရပါသည်။ ဤသို့မရှောင်ကြဉ်လျှင် ကွယ်လွန်သူသည်ဖုတ်ကောင်ဖြစ်သွားမည်။ ကျွဲ၊ နွားများသေကြေပျက်စီးမည်၊ စီးပွားရေးများကျဆင်းမည်ဟုယူဆကြသည်။

အသုဘပြီးနောက် (၇)ရက်မြောက်သောနေ့အထိ ရွာထဲရှိလူပျို၊ အပျိုကာလသားများသည် အိမ်ရှင်အားနှစ်သိမ့်ရန်အတွက်၎င်းအိမ်တွင်လာရောက်စုရုံးပြီး အဖော်ပြုပေးရသည်။

## အရှိုချင်းတိုင်းရင်းသားတို့၏ အသုဘပွဲကျင်းပပုံဓလေ့

အရှိုချင်းလူမျိုးတို့အသုဘပွဲ၊ မသာပွဲကျင်းပုံမှာလည်း တမူထူးခြားသည့် ပွဲတစ်ပွဲဖြစ်၏။ငွေကုန်ကြေးကျများသော ပွဲတစ်ခုလည်းဖြစ်၏။ မသာပွဲကျင်းပလျှင် အိမ်မှာရှိသမျှ အိမ်မွေးတိရစ္ဆာန်များအကုန်ကုန်လေ့ရှိ၏။ လူတစ်ဦးတစ်ယောက်သေဆုံးလျှင် အရင်ဦးဆုံး ရေချိုးပေးရ၏။ ပြီးလျှင် သေသူသည်ယောကျ်ားလေးဖြစ်ပါကခြောက်ခါ မိန်းကလေးဖြစ်ပါကငါးခါ မောင်းတီးရသည်။ ရွာကိုတစ်ဦး တစ်ယောက်သေဆုံးသည့်အကြောင်းကြော်ငြာသည့်သဘောဖြစ်သည်။မောင်းတီးနေချိန်အတွင်းမှာပင် နတ်ဆရာကနတ်များထံသို့ကောင်းရာဘုံဘဝရောက်ရန်နှင့် ယခုအချိန်မှစ၍ ကျန်ရစ်သူမိသားစုများနှင့် ခွဲခွာချိန်ရောက်သည့်အကြောင်းအရာများကို ပြောဆိုရ၏။ ပြီးလျှင်အလောင်းကိုအပြင် ကပြင်ပေါက်(လူဝင်ပေါက်မဟုတ်ဘဲအိုး၊ခွက်စသည်တို့ဆေးသည့်နောက်ပေါက်)တွင် ခေါင်းလှည့်ပြီးမသေဆုံးခင်က ပုံစံအတိုင်းထားပေးရ၏။ သေသူ၏အဝတ်များထဲမှ အကောင်းဆုံးအင်္ကျီကိုဝတ်ဆင်ပေးရပြီး သနပ်ခါးစသည်လိမ်း

ပေးရ၏။ အသက်ရှင်စဉ်အသုံးပြုခဲ့သည့် ပစ္စည်းများကိုလည်းအနီးတွင်ထားပေးရသည်။ အလောင်းတင်ရန်အတွက်စင်ကိုခေါင်းရင်းခန်း၏ ဘေးခန်းတွင်ဆောက်ရ၏။ဝါးပေါသောဒေသဖြစ်သဖြင့် ဝါးစင်ပေါ်တင်ခါနီးတွင်လူအများဝိုင်းမ၍ ယောက်ျား ခြောက်ခါ၊ မိန်းမငါးခါ မြှောက်ပြီးမှတင်ရသည်။






HOT ON OPPO

ပြီးလျှင်ကြက်ပေါက်စကလေးတစ်ကောင်ကို အမွေး နှုတ် ရင်ဘတ်ကိုခွဲပြီး ထမင်းနှင့်ကြေးလင်ပန်းပေါ် မှာပုံထားပေးရသည်။ ၎င်း၏ဝိညာဉ်စားရန်ဖြစ်သည်။ မပါမဖြစ်သည့်ခေါင်အိုးအသေးတစ်လုံးကို ဝါးနှီး ပန်းသုံးတိုင်စိုက်ကာ လင်ပန်းနှင့်အတူသေသူ၏ အလောင်းခေါင်းရင်းမှာထားပေးရ၏။ သောက်ရန် အတွက်ရေခွက်ကိုလည်းထည့်ထားပေးရသည်။ သေ သူစားရန်ရည်စူးပြီး ကျွေးမွေးထားသည့် ၎င်းအစာ များကို ခွေး၊ကြောင်၊ကြက် စသည်တို့မစားစေရပါ။ အစာထည့်ထားသည့်ခွက်ကို ထိခိုက်ပြီးမဖိတ်စေရ ပေ။ အကယ်၍အကောင်များ စားမိဖိတ်မိသွားပါက နောက်ထပ်လူခုနစ်ယောက်လောက်ထပ်ပြီးသေတတ် သည်ဟုယုံကြည်ကြသည်။ ထို့ကြောင့် အသုဘပွဲတွင် အလောင်းကိုမီးမသင်္ဂြိုဟ်ခင်ရက်တိုင်းအလှည့်ကျ နေ့ညမပြတ်စောင့်ကြရ၏။

အသုဘပွဲကျင်းပသည့်အခါ အကျဦးအကျယ် ဟုခွဲခြားပြီးလုပ်လေ့ရှိ၏။ မိသားစုစီးပွားရေးအ ပေါ်မူတည်ပြီး ကျင်းပတတ်ကြသည်။ သေပြီးတစ် ရက်မှ ခုနစ်ရက်ထိ အဆင်ပြေသလိုထားလေ့ရှိ၏။ ကျန်ရစ်သူမိသားစုကကျွေးနိုင်လျှင်ကျွေးနိုင်သလောက်

ရက်ကိုထားတတ်သည်။အိမ်မှာထားသည့် ရက်များ တွင်ဧည့်သည်များကို ကျွေးသလို စားသလို အလောင်း ကို ညစာမနက်စာမပျက်မကွက်ကျွေးရ၏။ သေသူ ကျွေးသည့် အစာကိုလည်းသေချာစောင့်ရပြန်၏။ များသောအားဖြင့် နတ်ဆရာကစောင့်ရင်းမှာစရာ စကားများကို ထပ်ပြောနေတတ်သည်ကိုတွေ့ရ သည်။

အသုဘပွဲတွင်လာကြသည့် ဧည့်ပရိသတ်အား ကျွေးမည့်ဟင်းကောင်ကိုမသတ်ခင်ထုံးစံအတိုင်းအ ရင်ပွယ်ရ၏။ သတ်ပြီးအသားများကိုအလောင်းစင် အောက်ခြေရင်းတွင် ခေါင်တစ်လုံးနှင့်ပွယ်ရ၏။စင်၏ နှစ်ဘက်ဘေးပတ်လည်တွင်လည်း ခေါင်နှစ်လုံးထား ပြီးပွယ်ရပြန်၏။ပြီးမှချက်ပြုတ်ပြီးအလောင်းကိုကျွေးရ သည်။ ကျွေးပြီးမှလာရောက်သူများစားကြရသည်အ လောင်းကိုအိမ်မှာထားသည့်ရက်တိုင်း ဤပုံစံပွယ် ပြီးမှစားကြရသည်။

အလောင်းကိုရက်ကြာထားရသည့် ခလေ့မှာ သေသူ၏ဆွေမျိုးများ နောက်ဆုံးအချိန်မီရန်ဖြစ်သည်။ တောင်ပေါ်ဒေသသည်သွားလာရန်ခက်ခဲသည့်အတွက် အလွယ်တကူအကြောင်းကြားနိုင်ခြင်း လာရောက်နိုင်

ခြင်းမရှိဖြစ်တတ်သည်။ထို့ကြောင့်သေသူဆွေမျိုးများ ကိုစောင့်သည့်သဘော ဖြစ်သည်။အများအားဖြင့် သုံးရက်မြောက်နေ့တွင်လူစုံတတ်သဖြင့်သင်္ဂြိုလ်လေ့ ရှိသည်။သင်္ဂြိုလ်သည့်နေ့တွင်ဝါးထမ်းစင်ကို ပြသာဒ် ပုံစံလုပ်ရ၏။ ပြသာဒ်လုပ်ရာတွင်လည်း တွေ့ရာသစ် ဖြင့်မလုပ်ရ။အသုံးပြုနေကြသစ်ဖြင့်သာလုပ်ရသည်။ ထမ်းစင်ကိုဝိုင်းထမ်းပြီးရွာတွင်းလှည့်ရသည်။ ၎င်း ထမ်းစင်ပေါ်တွင်သေသူကအမေဖြစ်လျှင်၎င်း၏မောင်၊ သားတစ်ယောက်သေပါက အမေဘက်အမျိုးတစ် ယောက်ယောက်ထိုင်၍ စီးရသည်။ ဒေသအခေါ် အဝေါ်သတ်မှတ်ချက်တွင်လိပ်ပြာကြီး၊ လိပ်ပြာငယ် ဟုသတ်မှတ်ထားသည်။ လိပ်ပြာကြီးဘက်ကစီးရ သည်။ ထမ်းစင်ကိုသေသူ၏ သူငယ်ချင်းအိမ်တစ် အိမ်တွင်ချထားပြီးမှ ခေါင်ရည်ဖြင့်လောင်းပေးရ သေးသည်။ ဤနေ့မှာပင် ပရိသတ်ဧည့်ခံရန်အတွက် ကျွဲဖြစ်စေ၊ နွားဖြစ်စေတစ်ကောင်ကောင်ကိုသတ် လေ့ရှိသည်။ ထုံးစံအတိုင်းအရှင်ရော ၊ အသေပါ ပွယ်ရ၏။ ထူးခြားချက်တစ်ခုမှာ သေသူ၏ဆွေမျိုး အားလုံးဝါးချောင်းလေးများတွင်ချည်ပြီးအိမ်အောက် ကိုဆွဲယူထားပေးရသည်။

အသုဘထမ်းစင် လှည့်လည်နေသည့်အချိန်တွင် လူငယ်များကခေါင်းပေါင်း၊ ပဝါလုပ္ပွဲနှင့်အမျိုးသမီးများက ဝါးညှပ်အကများဖြင့် ကပြတတ်ကြသည်။ ခေါင်းပေါင်း ပဝါလုပွဲမှာမြင်တွေ့ရခဲသည့် ပွဲတစ်ခုဖြစ်သည်။ ခေါင်းတွင်ပတ်ထားသည့် ရိုးရာတဘက်ကို သူရ၊ ကိုယ်ရ လုရခြင်းဖြစ်သည်။ ဘေးမှလင်းကွင်း၊ ဗုံဖြင့်တီးပေး၊ လက်ဝါးတီးကာအော်ဟစ်အားပေးကြသည်။ တစ်ခါတစ်ရံလုရင်းကာကွယ်ရင်းထိုးမိ၊ ခိုက်မိဖြစ်တတ်သည်။ သို့သော်ရန်မဖြစ်ရပေ။ အကယ်၍ရှုံးသဖြင့်မကျေနပ်ပါက နောက်တစ်ခါအသုဘပွဲအခြားရွာ အသုဘပွဲတွင်ဆက်လက်ယှဉ်ပြိုင်နိုင်သည်။ ဤသို့ကပြကြရသည်မှာ ကျန်ရစ်သူမိသားစုများဝမ်းနည်းမှုသက်သာစေရန်ဖြစ်သည် ဟုသိရသည်။ ညပိုင်းရောက်ပါက ထမ်းစင်ကို အသုဘအိမ်သို့ပြန်ယူလာကာအိမ်ခြေရင်း၌ ထားပြီးစီးသူနှင့်ထမ်းသူတွေပါ ဝိုင်းပြီးကကြပြန်သည်။ ထမ်းစင်စီးသူက သစ်သားဓား တစ်ချောင်းနှင့် ဓားအစစ်၊ သံဓားတစ်ချောင်းကို ကိုင်ပြီးဓားသိုင်းက ရပြန်သည်။ ကနေချိန်တွင် တစ်ယောက်ယောက်က ရေအိုးကိုရိုက်ခွဲရ၏။ အကယ်၍သေသူကတစ္ဆေ၊သူရဲဖမ်းစား





ခံရပြီးသေဆုံးသူဖြစ်ပါက တစ္ဆေ၊ သူရဲများကြောက်လန့်စေရန်အတွက် ဖြစ်သည်။ ၎င်းတစ်ညလုံး နတ်ဆရာကထိုင်ပြီး ပွယ်နေရ၏။ ပြီးမှမနက်စာ ကျွေးမွေးသည်။ အလောင်းကိုသင်္ချိုင်းပို့ခါနီးပါက မပို့ခင် ဝိညာဉ်ကို လင်းကွင်း၊ ဗုံများတီးပြီး သင်္ချိုင်းပို့ ထားရသည်။ ဝိညာဉ်သင်္ချိုင်းပို့ပြီးပြန်လာသူများက အသုဘအိမ်ကိုခဲနှင့်ပစ်ပေါက်ရသေး၏။ တစ္ဆေ၊ သရဲများထွက်သွားရန်ဖြစ်သည်။ ပြီးမှ အလောင်းကို ဖျာနှင့်လိပ်ကြိုးဖြင့်တုပ်ကာ ဝါးလုံးလျှိုထမ်းပြီး သင်္ချိုင်းပို့မီးရှို့ကြသည်။ အခေါင်းထဲ ထည့်ခြင်းဓလေ့မရှိပေ။ မီးသင်္ဂြိုလ် ပြီးပါကကြွင်းကျန်သည့် အရိုးနှင့်ပြာကို ကောက်ပြီးအိုးထဲထည့်ထားလေ့ရှိသည်။ ၎င်းအိုးကိုအခြား လူသေများ၏ အိုးများနှင့်အတူ သွားထားလေ့ရှိသည်။ ထို့ကြောင့် သင်္ချိုင်းတွင်ဂူများ၊မြေပုံများမရှိပေ။အိုးကြီးအိုးသေးအစုံရှိသည်။လူကြီးသေလျှင်အိုးကြီး ၊ လူငယ်၊ ကလေးသေကအိုးသေး၊ အိုးလတ်များကို တွေ့ရသည်။ အိုးထဲတွင် အရိုးစများနှင့်မသေခင် အသုံးပြုခဲ့ရသည့် သေသူ၏အသုံးအဆောင် တိုလီမိုလီပစ္စည်းများကို တွေ့ရသည်။


ထိုသို့မီးသင်္ဂြိုလ်ပြီးပါက အိမ်ပြန်ပြီးဝိညာဉ်ကိုနောက်တစ်ခါထပ်ခေါ်ရပြန်သည်။ သေသူတင်ရန်ဆောက်ထားသည့်စင်နားတွင် မီးဖိုသေးသေးတစ်ဖိုထပ်ဆောက်ထားရ၏။ ဆွေမျိုးများက ကြက်များယူလာပြီးချက်ပြုတ်စားသောက်ကြသည်။ ပြီးလျှင်ခေါင်အိုးနှစ်လုံးစီထားပြီး ပွယ်ရပြန်သည်။ ညလယ်ရောက်သည့်အခါ ဝိညာဉ်ကိုနတ်ဆရာက အပြီးနှင်ထုတ်ရ၏။ ထိုသို့ဆိုလျှင် အသုဘပွဲပြီးစီးပြီဖြစ်သည်။ နောက်ဆက်တွဲအနေဖြင့် အရိုးတိုင်ပွဲကိုကျင်းပလေ့ရှိကြသည်။

## အရိုးတိုင်ပွဲ

အသုဘပွဲ ကျင်းပြီးသည့်နောက်တွင် စီးပွားရေးအဆင်ပြေပါက အမှတ်တရအနေဖြင့် အရိုးတိုင်ပွဲကျင်းပကြ၏။ အရိုးတိုင်ပွဲဆိုသည်မှာ အရိုးအိုးထားသည့်နေရာတွင် သစ်သားတိုင်ကို စိုက်ထူပေးခြင်းဖြစ်သည်။ အရိုးတိုင်ကို အရုပ်များဖြင့်ထွင်းထုကာဆေးရောင်ဖြင့် ခြယ်သလေ့ရှိသည်။ ဆင်ရုပ်၊ မြင်းရုပ်၊ လူရုပ်၊ ငှက်ရုပ်တို့ကို အဆင့်ဆင့်လေးမျက်နှာလုံးတွင် ထွင်းထုလေ့ရှိသည်။ ယင်းသို့









D/mai than myint

အရုပ်များထွင်းထုရခြင်းသည် သေသူနောက်ဘဝတွင် စီးရန်အတွက်ဖြစ်၏။ အရိုးတိုင်ပွဲကား အမှတ်တရကျင်းပသည်နှင့်အညီ ဆွေမျိုးများအစုံအညီလာလေ့ရှိသည်။ အခြားပွဲများလို အလုပ်လည်းသိပ်မများပဲလာသည့်ဧည့်သည်များကို ဟင်းတစ်မျိုးမျိုးဖြင့်ဧည့်ခံကျွေးမွေးရုံသာဖြစ်သည်။ အများအားဖြင့်တစ်နှစ်၊ နှစ်နှစ်ကျော်ကြာမှ ပြုလုပ်လေ့ရှိပါသည်။ ရိုးရာဓလေ့ရှိနေသဖြင့် မလုပ်မဖြစ်ဟုယူဆကာပြုလုပ်တတ်ကြသည်။

**မှတ်ချက်**

ပွယ်= ပဆန်းဆရာက ရွတ်ဖတ်ခြင်း

# ဗိုမီးလူမျိုးများအတွက်
# အခရာကျသောရှာလ်ဆောမ်ပွဲတော်

လူမျိုးတိုင်းတွင် အခြေချနေထိုင်ခဲ့သည့်ဒေသများရှိသကဲ့သို့အဓိကကျသော ရိုးရာပွဲတော်များလည်းရှိပါသည်။ရိုးရာပွဲတော်ဆိုသည်မှာလည်း သက်ဝင်ကိုးကွယ်မှုအရကျင်းပပြုလုပ်သည့် ပွဲတော်များလည်းရှိသကဲ့သို့ ဒေသ၏အလေ့အထများအရ ကျင်းပပြုလုပ်သည့်ရိုးရာပွဲတော်များလည်းရှိပါသည်။ မြန်မာနိုင်ငံတွင်လူမျိုးပေါင်း အဓိက(၈) မျိုးမိုတင်းနေထိုင်ပြီးထိုလူမျိုးများထဲမှချင်းလူမျိုးသည်လူမျိုးနွယ်စု အများဆုံးဖြစ်သည့်အလျောက်ရိုးရာပွဲတော်လည်း များစွာရှိပါသည်။ ချင်းပြည်နယ်တွင်နေထိုင်သည့် လူမျိုးများတွင်အဓိကအခြေချနေထိုင်ခဲ့သည့် နေရာဒေသများမှာ လိုင်းလွန်၊ မိုးပီ၊ ကျိမ်နွဲဟူသည့် ဒေသ(၃)မျိုးဖြစ်ကြောင်းပါးစပ်ရာဇဝင်ရှိခဲ့ပါသည်။

ထိုဒေသ (၃)ခုထဲမှ ကျိမ်နွဲဒေသကိုအခြေချနေထိုင်ခဲ့သော ဗိုမီးလူမျိုးတို့တွင် ရှာလ်ဆောမ်ပွဲ၊ ခွါဒိုပွဲ၊ ရူနွန်နိုပွဲ၊ တွန်နိုပွဲစသည့်ဖြင့်များစွာရှိပါသည်။ ပွဲတော်များကို လူမှုရေးအရသော်လည်းကောင်း၊ ယုံကြည်

သက်ဝင်ကိုးကွယ်မှုအရသော်လည်းကောင်း၊ ဂုဏ် အရှိန်အဝါ ကိုပြသလိုသည့်အခါသော်လည်းကောင်း ကျင်းပပြု လုပ်လေ့ရှိကြသည်။ ထိုပွဲတော်များထဲမှ ဇိုမီးလူမျိုးများအတွက် အခရာကျသည့် ပွဲတော်ဖြစ်သော ရှာလ်ဆောမ်ပွဲတော်ကျင်းပခြင်း၏ အနှစ်သာ



လိုင်းလွန်



ကျိမ်နွဲ



မိုးဝီ

ရနှင့်အရေးပါပုံတို့ကိုတင်ပြပါမည်။ ရှာလ်ဆောမ်ပွဲဆိုသည်ကို တီးတိန်မြို့နယ်နှင့် တွန်းဇံမြို့နယ်များတွင် နေထိုင်ကြသည့် ဇိုမီးလူမျိုးများတွင်ပင်လျှင်အသုံးအနှုန်းကွဲပြားမှုရှိသည်။ တီးတိန်မြို့နယ်တွင်နေထိုင်သူများသည် ရှာလ်ဆောမ်( Sial Swam ) ဟု ခေါ်ဆိုသော်လည်း တွန်းဇံနယ်တွင်လောမ့်အန်းနဲက် (lwam AnNeek)ဟုသုံးနှုန်းခေါ်ဆိုကြသည်။ မည်သို့ပင်ဖြစ်

စေကာမူ အသုံးအနှုန်းကွဲပြားခြင်းသည် အဓိကမကျ ဘဲထိုပွဲတော်ပြုလုပ်ရခြင်း၏ အနှစ်သာရသည်သာ အဓိကဖြစ်ပါသည်။ ထိုပွဲတော်ကိုပြုလုပ်ရခြင်းမှာ အဓိကအားဖြင့် စိုက်ပျိုးမွေးမြူခြင်းဖြင့်သာအသက် မွေးဝမ်းကြောင်းပြုသူများဖြစ်သောကြောင့် စိုက်ပျိုး မွေးမြူခြင်းဖြစ်ထွန်းစေရန် အတွက်သော်လည်း ကောင်း၊ ရပ်ရွာအေးချမ်းသာယာရေးအတွက်သော် လည်းကောင်း ယုံကြည်ကိုးကွယ်ရာနတ်တို့ကို ပူဇော် ပွဲကျင်းပပြုလုပ်ရခြင်းဖြစ်ပါသည်။

ထိုပွဲတော်ကိုများသောအားဖြင့် တောင်ယာသီး နှံများမျိုးစေ့ချပြီးသည့်အချိန် မတ်လ သို့မဟုတ် ဧပြီ လတွင်ကျင်းပလေ့ရှိကြသည်။ ပွဲတော်ကျင်းပသည့် ပထမနေ့တွင်ရာသီဥတုကောင်းမွန်စေရန်၊ သီးနှံများ ကောင်းမွန်စွာ ဖြစ်ထွန်းစေရန်နှင့် တစ်ရွာလုံးကျန်း မာချမ်းသာစွာနှင့် ဘေးဥပဒ်ကင်းစွာ နေထိုင်နိုင်ရန် အတွက်ရွာဘုံစောင့်နတ် (တွာလ်ယဓ်)ကို ပူဇော် ပသ ကြသည်။ ပူဇော်ပသရာတွင် ရွာသူရွာသားများအား လုံးစုပေါင်းကာ ခေါင်ရည်နှင့်တကွ ပူဇော်ပသမည့် သားကောင်ကို ရွာတွင်ရှိသောနတ်ဆရာ အဖွဲ့အား ပေးအပ်ရသည်။ နတ်ဆရာနှင့်အဖွဲ့သည် ရွာဘုံစောင့်

နတ်ထံသို့ပူဇော်ပသပေးရပြီးထိုပူဇော်ပသသည့်အရာများကို နတ်ဆရာနှင့်အဖွဲ့များကသာ သုံးဆောင်ခွင့်ရှိသည်။ ထိုသို့ရွာဘုံစောင့်နတ်ကို ပူဇော်ပသပြီးနောက်တစ်နေ့တွင် ရှာလ်ဆောမ်ပွဲတော်ကိုကျင်းပကြသည်။ ပွဲတော်ကျင်းပချိန်တွင် ရွာသူရွာသားများအားလုံးသည် တောင်ယာသွားခြင်း၊ မြေတူးခြင်း၊ ပေါင်းပင်နုတ်ခြင်း စသည်တို့ကိုရှောင်ကြဉ်ရပြီးမှို၊မောင်းများကိုလည်း တီးခတ်ခြင်း မပြုရပေ။ အကြောင်းမှာမှို၊မောင်းများတီးခတ်ပါက ဘေးဥပဒ်ကျရောက်တတ်သည်ဆိုသောအယူအဆ ရှိသောကြောင့်ဖြစ်သည်။ ပွဲတော်ကျင်းပချိန်တွင်လည်းသူစိမ်းများမလာရောက်စေရန် ရွာအဝင်လမ်းတိုင်းတွင်အချက်ပြသစ်ရွက်များချိတ်ဆွဲထားလေ့ရှိသည်။ ပွဲတော်ဒုတိယရက်တွင်မူရွာသားများအားလုံး အတူတကွ အမဲလိုက်ကြသည်။ ထိုကဲ့သို့ အားလုံးစုပေါင်းကာ အမဲလိုက်ထွက်ခြင်းကို “ဆောဲင်းဘိန်း” (Sawngbeng) ဟုခေါ်ဆိုပါသည်။အမဲလိုက်ထွက်ရာတွင်တောကောင်ကိုဖမ်းဆီးရမိသူသည်အင်မတန်မှ ကံကောင်းသူဖြစ်ပြီးချီးမွမ်းထောမနာပြုခြင်းကိုခံရသည်။ အဓိကအချက်မှာ တောလိုက်ထွက်ရာတွင် တောကောင်များကို ဖမ်းဆီး

ရမိခြင်းမရှိပါကထိုရွာအတွက် ဘေးဥပဒ်များရောက်လာမည်ဟု ယူဆကြသောကြောင့်ဖြစ်သည်။ တောကောင်ရရှိပါကတောကောင်သည် ထိုနှစ်၌ရွာတွင်ကျရောက်လာမည့် ဘေးဥပဒ်များကို အစားထိုးယူဆောင်သွားသည်ဟု ယုံကြည်သက်ဝင်မှု ရှိသောကြောင့်တောကောင်ရရှိသူအား ချီးမွမ်းထောမနာပြုကြခြင်းဖြစ်ပါသည်။

ဖိုမီးလူမျိုးများအတွက် ရိုးရာပွဲတော်တစ်ခုဖြစ်သည့်ရှာလ်ဆောမ်ပွဲတော်သည်အလွန်အရေးပါသောရိုးရာပွဲတော်တစ်ခုပင်ဖြစ်ပါသည်။ တောင်ယာသီးနှံများအထွက်တိုးစေရန်၊ ဘေးဥပဒ်များမကျရောက်စေရန်နှင့်တစ်နှစ်တာလုံး ကျန်းမာချမ်းသာစွာဖြင့်နေထိုင်သွားနိုင် ရန်ကျင်းပပြုလုပ်သည့်ပွဲဖြစ်ပါသည်။ ရှေးယခင်ကကိုးကွယ်သက်ဝင်ယုံကြည်မှုအရ ရွာတိုင်းရွာတိုင်းတွင်အလေးထားကာ ကျင်းပပြုလုပ်လေ့ရှိသော ရိုးရာပွဲလည်းဖြစ်ပါသည်။

ဖိုမီးလူမျိုးများတွင် သက်ဝင်ယုံကြည်မှုဖြင့်ကျင်းပပြုလုပ်သည့်ရိုးရာပွဲများစွာရှိသော်လည်းယခုအချိန်တွင်မူထိုရိုးရာပွဲများမှ အလေးထားကာ ကျင်း

ပပြုလုပ်သည်မှာခွါဒိုပွဲတစ်ခုပင်ရှိပါသည်။ ယုံကြည်သက်ဝင်ကိုးကွယ်မှုအရ ရှာလ်ဆောမ်ပွဲကို ကျင်းပပြုလုပ်ခြင်းမရှိပါကသီးနှံများဖြစ်ထွန်းရေး၊ ရပ်ရွာအေးချမ်းသာယာပြီး ဘေးဥပဒ်ကင်းစွာ နေထိုင်နိုင်ရေးအတွက်လုပ်ဆောင်နိုင်မည်မဟုတ်ပေ။ စိုက်ပျိုးထားသည့်သီးနှံများဖြစ်ထွန်းရေး၊ ရပ်ရွာအတွင်းဘေးဥပဒ်ကင်းစွာနေထိုင်နိုင်ရေးတို့ကို ရှေးရှု၍ရွာဘုံနတ်ကိုပူဇော်ပသကာပြုလုပ်သည့်ပွဲဖြစ်ပါသည်။ ထို့ကြောင့်ရှေးယခင်က လူကြီးသူမများသည် ဝမ်းစာအတွက်ကိုယ်တိုင်စိုက်ပျိုးခြင်းဖြင့် အသက်မွေးဝမ်းကြောင်းပြုကြသကဲ့သို့စိုက်ပျိုးသီးနှံများဖြစ်ထွန်းရေး၊ ဘေးဥပဒ်ကင်းစွာ နေထိုင်သွားလာနိုင်ရေးအတွက် ရှာလ်ဆောမ်ပွဲကို ယုံကြည်သက်ဝင်မှုအရ ကျင်းပခဲ့ကြသည်။ ရှာလ်ဆောမ်ပွဲကိုကျင်းပပြုလုပ်ခဲ့သောကြောင့်ရပ်ရွာအတွင်းဘေးဥပါဒ်ကင်းသည်သာမကသီးနှံများဖြစ်ထွန်းသောကြောင့် ကောက်ရိတ်သိမ်းပွဲဖြစ်သည့်ခွါဒိုပွဲကို ကျင်းပနိုင်ခြင်းဖြစ်သည်ကို ယုံမှားဖွယ်မရှိပေ။ ထို့ကြောင့် ရှာလ်ဆောမ်ပွဲသည် ဇိုမီးရိုးရာခွါဒိုပွဲကိုကျင်းပပြုလုပ်နိုင်ရန်အတွက် အခရာကျသောရိုးရာပွဲတော်တစ်ခုပင်ဖြစ်ကြောင်းနှင့် အလေးထား

ကာကျင်းပပြုလုပ်ရန်လိုအပ်သည့်ရိုးရာပွဲတော်တစ်ခု ဖြစ်ကြောင်း ရေးသားဖော်ပြအပ်ပါသည်။

## ထားဝယ်အမျိုးသားနေ့

ထားဝယ်အမျိုးသားနေ့သည် ထားဝယ်ဒေသတွင်နေထိုင်ကြသည့်ထားဝယ်လူမျိုး စုများသာမက ပြည်ထောင်စုအတွင်း မှီတင်းနေထိုင်ကြသော ထားဝယ်တိုင်းရင်းသားအားလုံးနှင့် သက်ဆိုင်သောနေ့ထူးနေ့မြတ်တစ်ခုလည်းဖြစ်ပါသည်။ နှစ်စဉ်နှစ်တိုင်းကျင်းပခြင်းအားဖြင့် ထားဝယ်လူမျိုးစုညီအစ်ကိုမောင်နှမများစုစည်းတွေ့ဆုံကာ ချစ်ကြည်ရင်းနှီးမှုနှင့်စည်းလုံးညီညွတ်မှုကိုတိုးမြှင့်ဖေါ်ဆောင်နိုင်ပြီး ဒေသအကျိုးစီးပွားနှင့်နိုင်ငံအကျိုးစီးပွားကို ပိုမိုဆောင်ရွက်နိုင်မည်ဟုယုံကြည်ကြသည်။

ထားဝယ်အမျိုးသားနေ့ကျင်းပရခြင်းရည်ရွယ်ချက်များမှာအောက်ပါအတိုင်းဖြစ်ပါသည်။

(က)ထားဝယ်လူမျိုးများ၊အမျိုးသားရေးစိတ်ဓာတ်များ နိုးကြားလာစေရန်

(ခ)ထားဝယ်လူမျိုးများ ပိုမိုစုစည်းရန်နှင့်စုစည်းရရှိလာသောအင်အားဖြင့် ထားဝယ်လူမျိုးအရေးနှင့်ပတ်သက်သောကိစ္စများကို စည်းလုံးညီညွတ်စွာလုပ်ဆောင်သွားရန်

(ဂ)ပုဂ္ဂိုလ်အရေး၊ လူတန်းစားအရေး၊ ဘာသာရေး၊ နိုင်ငံရေး၊ စီးပွားရေးအရအမြတ်ထုတ်ခြင်းမပြု ပဲထားဝယ်အမျိုးသားနေ့ကို အမျိုးသားရေးစိတ် ဓာတ်ဖြင့်ကျင်းပရန်

(ဃ)ထားဝယ်လူမျိုးများအချင်းချင်း ရိုင်းပင်းကူညီလို သော စိတ်ဓာတ်မြင့်မားလာစေရန်

(င) လူမျိုးအရေးကဏ္ဍများကို မြင့်တင်လိုသည့်စိတ် ဓာတ်များကိန်းအောင်းရှင်သန်စေရန်

ကောဇာသက္ကသရာဇ်၁၁၁၆ခုနှစ်၊ တပေါင်းလ ဆန်း(၁၃)ရက်နေ့တွင် ထားဝယ်မြို့အား စတင်တည် ထောင်ခဲ့ခြင်းဖြစ်သည်ဟု မှတ်တမ်းများအရသိရှိရ ပါသည်။ ထို့ကြောင့် “ဥဩအော်သည် ထားဝယ် တည်”ဟုဆိုကြပါသည်။ ထားဝယ်တိုင်းရင်းသားများ သည် မှန်နန်းရာဇဝင်တွင် တမ္ဗဒီပပျူတို့ နေထိုင်ရာ ဟံသာဝတီပြည်ကြီးပျက်စီးသွားချိန်၌ ရခိုင်တစ်စု၊ တနင်္သာရီတစ်စု၊ ထားဝယ်တစ်စု (၃)စု ကွဲသွားခဲ့ ကြောင်းဖော်ပြခြင်းခံခဲ့ရသည့် လူမျိုးဖြစ်ပါသည်။

ပုဂံခေတ်မြန်မာမင်းများလက်ထက်တွင် နှစ် သိန်းပြု မြို့စာရင်းတွင်ပါဝင်သော မြို့လည်းဖြစ်ပါ သည်။ ထားဝယ်မြို့အား စတင်တည်ထောင်စဉ်က















သာယာဝတီမြို့ဟုခေါ်ဆိုသမုတ်ခဲ့ကြပြီး ထားဝယ်လူမျိုးများနေထိုင်ကြသည်ကို အကြောင်းပြု၍ မူလတွင်ရခြင်းဖြစ်ကြောင်းသိရပါသည်။

တနင်္သာရီတိုင်းအတွင်း လူများစတင်နေထိုင်မှုသည်လွန်ခဲ့သည့်နှစ်ပေါင်း ၄၀၀၀ ကျော်ခဲ့ပြီဆိုသည်ကို ကျောက်ခေတ်လက်နက်များ၊ လူ့အသုံးအဆောင်များက သက်သေခံနေသကဲ့သို့ ထားဝယ်လူမျိုးတို့သည် သက်၊ ရခိုင်၊ တောင်သူ၊ ပျူ၊ ကမ်းယံ၊ ယောထားဝယ်ဟူသော ရှေးမြန်မာ(၇)မျိုးပါဝင်သောလူမျိုးဖြစ်သည်။ ရှေးခေတ် ပုဂံ၊ဟံသာဝတီ၊ကုန်းဘောင်မင်းဆက်မပြတ် ဒူရကတိုင်းသား ထားဝယ်မျိုးနွယ်စုများသည် အကျွမ်းတဝင်ရင်းနှီးဆက်ဆံခြင်းရှိခဲ့သည့်အစဉ်အလာသမိုင်းရှိပြီးဖြစ်သည်။ ထားဝယ်လူမျိုးများသည် မြန်မာသမိုင်းအစပိုင်းမှ စတင်ပြီးဒူရကတိုင်းဟုနာမည်ရသည့် ထားဝယ်ရွှေမြေတွင်ကိုယ့်ထီးကိုယ့်နန်း ကိုယ့်ကြငှာန်းဖြင့် စတင်အခြေချနေထိုင်ခဲ့ကြပါသည်။ သုံးလောကထွဋ်ထားတင်သဗ္ဗညုမြတ်စွာဘုရားရှင်လက်ထက်တော်တွင် ဗုဒ္ဓဘုရားရှင်၊ဂဝံပတိရသေ့ စသည့်သူတော်မြတ်တို့ ဒေသစာရီ





လှည့်လည်သွားလာပြီး သာသနာပြုတော်မူခဲ့ရာနေ ရာတော်မြတ် သာသနာရိပ်မြုံကြီးတစ်ခု ဖြစ်ခဲ့ပါသည်။ သူတော်မြတ်တို့နေရာတွင် လူဖြစ်လာကြသည့် ထားဝယ်လူမျိုးများသည် ကုသိုလ်ကံစန်းပွင့်၍ လူ့ဘုံ မှန်စွမ်းတင့်မည့် ကုသိုလ်ရှင်များဖြစ်ကြပြီး အမျိုး ဘာသာ၊ သာသနာရေးတွင် ဘက်စုံပါဝင်ကူညီအား ကောင်းခဲ့ကြသကဲ့သို့တောင်ထားဝယ်ဗိုလ်၊ မြောက် ထားဝယ်ဗိုလ်၊ ဗိုလ်မှူးကြီးဗထူး၊ သူရမချစ်ပိုစသော ထားဝယ်လူစွမ်းကောင်းများသည် ထားဝယ်လူမျိုး အပေါင်း၏ကိုယ်စား နိုင်ငံတာဝန်ကိုရဲရဲဝံ့ဝံ့သက်စွန့် ကြိုးပမ်း၍ အာဇာနည်ပီပီထမ်းဆောင်ခဲ့ကြသူများ ဖြစ်ကြသည်။ ထားဝယ်လူမျိုးအချင်းချင်းသစ္စာစောင့် သိ၍မေတ္တာအပြည့်ဖြင့် စည်းစည်းလုံးလုံးနေထိုင်ကြ ရင်း အမျိုးသားနေ့အားတန်ဖိုးထားကာယနေ့မှစ၍အခြား တိုင်းရင်းသားများနှင့်အတူလက်တွဲကြရင်း “ကမ္ဘာ ဆုံးထားဝယ်လူ မျိုးများဆက်လက်တည်ရှိကြရမည်” ဟု အဓိဋ္ဌာန်ပြုကြရင်း နှစ်စဉ်နှစ်တိုင်းကျင်းပသွားရ မည့် နေ့ထူးနေ့ မြတ်ဖြစ်လာခဲ့ပါသည်။

ထားဝယ်အမျိုးသားအလံ၏ အချိုးအစားမှာ ၅း၃ ဖြစ်ပြီးအလံတွင်အဝါရောင်၊ အပြာရောင်၊ အနီ

ရောင်နှင့်အဖြူရောင်တို့ပါရှိသည်။ အဝါ ရောင်သည် ဘာသာသာသနာထွန်းကားရေး၊ ဆန်စပါး၊ အစားရေစာနှင့်ပညာရေးတို့ကို ကိုယ်စားပြုပါကြောင်း၊ အပြာရောင်သည် သယံဇာတပေါကြွယ်ဝ သောထားဝယ်ဒေသ၏ တောင်ပြာတောင်တန်းများနှင့်ပင်လယ်ပြင်တို့ကိုကိုယ်စားပြုပါကြောင်း၊ လေးထောင့်ကွက်တွင်ပါဝင်သည့်အနီရောင်သည် ထားဝယ်လူမျိုးတို့၏ သတ္တိ၊ ဇွဲ၊ လုံ့လနှင့်မဟုတ်မခံသော စိတ်ဓာတ်တို့ကို ကိုယ်စားပြုပါကြောင်း၊ အဖြူရောင်သည်ထားဝယ်လူမျိုးတို့၏သဘောထားဖြူစင်မှု၊ ရိုးသားမှုနှင့်ကူညီတတ်မှုတို့ကိုကိုယ်စားပြုပါသည်။ ဒင်္ဂါးအဝိုင်းရှိ ခဲရောင်သည် ခဲမဖြူအများဆုံးထွက်ရှိသည့်ဒေသတွင်အခြေချနေထိုင်သောရှေးကျသည့် လူမျိုးဖြစ်ကြောင်းဖော်ပြခဲ့ပါသည်။ အနီရောင်မျဉ်းဖြင့်ပုံဖော်ထားသောလေးထောင့်ကွက်နှစ်ခုပါဝင်ပြီး ၎င်း၏အဓိပ္ပါယ်မှာ ထားဝယ်ခရိုင်အတွင်းရှိ မြို့နယ်လေးမြို့နယ်ကို ကိုယ်စားပြုပြီး အခြားတိုင်းရင်းသားများနှင့် ချိတ်ဆက်နေထိုင်တတ်ရန်ဖြစ်ပါသည်။ တံဆိပ် ပါသင်္ကေတများနှင့်အရောင်တို့၏အဓိပ္ပါယ်မှာ အလံအဓိပ္ပါယ်ဖွင့်ဆိုချက်အတိုင်းဖြစ်ပါသည်။ တံဆိပ် အပေါ်ပိုင်းမှ

ထားဝယ်ဟူသောစာလုံးသည် ထားဝယ်လူမျိုးတစ်ရပ်လုံးကိုကိုယ်စားပြုသည်။ တံဆိပ်အောက်ပိုင်းမှ ၃၇၉ ဟူသောသက္ကရာဇ်သည် ထားဝယ်အမျိုးသားညီလာခံအောင်မြင်စွာကျင်းပနိုင်သောခုနှစ်ကို ကိုယ်စားပြုရေးသားခြင်းဖြစ်သည်။

ထားဝယ်စကားကို ကြားဖူးသူများသည်ထားဝယ်စကားပြောသံကို ရုတ်တရက်ကြားလိုက်လျှင် ရှမ်းစကားလော၊ မွန်စကားလော၊ ရခိုင်စကားလော၊ မြန်မာစကားသံနှင့်လည်း ဆင်ဆင်တူနေသဖြင့် နားစိုက်ထောင်တတ်ကြသည်။ နားမလည်သောအခါ ထားဝယ်စကား ပြောသူအား ဘာလူမျိုးလဲဟု မေးသူကမေးတတ်ကြသည်။ တချို့ကမူ ထားဝယ်စကားသံကို အကြောင်းပြုပြီး မြန်မာစကားဝဲပြီးပြောသောအမျိုးကွဲတစ်မျိုးဟု ယူဆကြသည်။ အချို့ကမူဒေသချင်းနီးစပ်မှုရှိသောမွန်သို့မဟုတ်ယိုးဒယားရှမ်းအမျိုးကွဲဟုယူဆကြသည်။ အချို့ကမူ ရာဇဝင်သမိုင်းအရ ပုဂံခေတ်မြန်မာများ လာရောက်လွှမ်းမိုးစဉ်က ဆင်းသက်လာသူများဟုလည်းကောင်း၊ အချို့ကဓညဝတီအရေးတော်ပုံပါ အာလောတတ်ညွန့်လူစုကို အကြောင်းပြုကာ ရခိုင်နွယ်များဟု

လည်းကောင်း လိုရာဆွဲယူပြောကြလေသည်။ ယင်းသို့ထင်မြင်ယူဆချက် အမျိုးမျိုးမည်သို့ရှိစေကာမူ အရိုးကိုအရွက်မဖုံး အရင်းစစ်လျှင်လည်း အမြစ်မြေကပဲ ဆိုရိုးစကားရှိထားချက်အရ လူမျိုးငယ်သည်လူမျိုးကြီး၏ ယဉ်ကျေးမှုလွှမ်းမိုးခံရသည်ဖြစ်စေ၊ အုပ်ချုပ်ခြင်းခံသွားရသည်ဖြစ်စေ ဇာတိစိတ်နှင့်ပြောဆိုသောစကားမပျောက်နိုင်ကြောင်း၊ ထားဝယ်များပြောဆိုသောစကားကို ဆန်းစစ်သုတေသနပြုကြည့်ရာထားဝယ်စကားသည် မြန်မာစကားနှင့်တူသယောင်ရှိသော်လည်း ဝေါဟာရစကားသုံးတစ်မျိုး၊ စကားသံတစ်မျိုး သီးခြားတစ်ဘာသာရှိနေခြင်းကထားဝယ်လူမျိုးရှိခြင်းကို ထင်ရှားစေပါသည်။ သို့သော်ယခုကာလပြောဆိုကြသော ထားဝယ်စကားများသည် တောကျေးလက်နှင့်မြို့အတိမ်အနက် ကွဲလွဲနေသည်သာမက ထားဝယ်စကားများ၌ တိုင်းရင်းသားနှင့်တိုင်းတစ်ပါးသားတို့၏ ပြောစကားများလည်းအတန်အသင့်ရောပြွမ်းရှိနေကြောင်းကိုသိရပေသည်။ ယခုရောပြွမ်းစွာပြောဆိုနေကြသော ထားဝယ်စကားဝေါဟာရများကို သုတေသနပြု၍ ကဏ္ဍအစုခွဲကြည့်

ရာခန့်မှန်းရာခိုင်နှုန်းဖြင့် တွေ့ရှိချက်များမှာအောက်ပါအတိုင်းဖြစ်ပါသည်-

(၁)ရှေးဟောင်းပေါရာဏစကားများ ၁၀

ရာခိုင်နှုန်းခန့်

(၂) ပကတိမြန်မာစကားများ ၈

ရာခိုင်နှုန်းခန့်

(၃) အသံဖလှယ်မြန်မာစကားများ ၁၀

ရာခိုင်နှုန်းခန့်

(၄)တိုင်းရင်းသားနှင့်တိုင်းတပါးသားစကားများ ၂

ရာခိုင်နှုန်းခန့်

(၅)သီးခြားဘာသာထားဝယ်စကားများ ၆၅

ရာခိုင်နှုန်းခန့်

(၆)လဆွဲသံတစ်ဘာသာထားဝယ်စကားများ ၅

ရာခိုင်နှုန်းခန့်

မှတ်ချက်။ ထားဝယ်စကားကို ထားဝယ်အသံထွက်အတိုင်း စာလုံးပေါင်းထားပါသည်။ ထားဝယ်မှသုံးနှုန်းပြောဆိုသောစကားများသည် စကားလုံးကိုချုံ့ပြီးပြောတတ်သည်။ မြို့ပေါ်တွင်ပြောသော စကားလုံးထက်တောကျေးလက်တွင်ပြောသော စကားများသည်ပို၍ချုံ့ပြီးပြောသည့်အပြင် အသံလေးနက်သော စကား

လုံးများနှင့်ပြောတတ်သဖြင့် မြို့နှင့်ကျေးလက်ထား ဝယ်အချင်းချင်းပင်ရတ်တရက်နားမလည်နိုင်သလိုရှိ သည်။

ထားဝယ်အမျိုးသားနေ့ ကျင်းပခြင်းအားဖြင့် ထားဝယ်အမျိုးသားနေ့၏ ရည်ရွယ်ချက်ကို သိရှိပြီး ထားဝယ်လူမျိုးများအချင်းချင်း အမျိုးသားနေ့၊ အမျိုး သားအလံ၊ အမျိုးသားတံဆိပ်၊ စကား၊ စာပေယဉ် ကျေးမှုနှင့် ဓလေ့ထုံးတမ်းများကိုသိရှိပြီး ပျောက် ကွယ်နေသော ရိုးရာယဉ်ကျေးမှုများ ပြန်လည်ဖေါ် ထုတ်ခြင်းအားဖြင့် ထားဝယ်လူမျိုးတို့၏ အမျိုးဂုဏ် ဇာတိဂုဏ် ပြန်လည်တက်ကြွလာစေမည်ဖြစ်ပါသည်။

# ဆလုံတို့ကိုးကွယ်ယုံကြည်သောနတ်များနှင့်နတ်ပူဇော်ပွဲကျင်းပပုံ

ဆလုံလူမျိုးတို့သည် အာရှအရှေ့တောင်ပိုင်းတွင် ဒုတိယရှေးအကျဆုံးသော ဩစထရစ်မျိုးရိုးဝင်များဖြစ်ပြီး ဩစထရစ်မျိုးရိုးတွင် ဩစထရစ်နီးရှန်းနှင့် ဩစထရစ်အေရှဟူသောမျိုးနွယ်စုရှိသည်။ ဩစထရစ်နီးရှန်းမျိုးနွယ်စုတွင် အင်ဒိုနီးရှားနှင့်မလေးလူမျိုးစုတစ်စုသည် အခြားလူမျိုးစုများ၏ တိုက်ခိုက်လွှမ်းမိုးမှုကြောင့်ထွက်ပြေးလာရာ မြန်မာနိုင်ငံတောင်ဘက်စွန်းတစ်ဝိုက်နှင့်မြိတ်ကျွန်းစုအနီးပတ်ဝန်းကျင်သို့ ရောက်ရှိပြီးအခြေချနေထိုင်ခဲ့ကြပါသည်။ ကျွန်း(၈၀၀)ခန့်ရှိသောမြိတ်ကျွန်းစုဒေသတွင် ဆလုံလူမျိုး (၃၀၀၀) ခန့်လှည့်လည်နေထိုင်ကြပြီး ကိုယ်ပိုင်စီးပွားရေး၊ လူမှုရေးနှင့်ယဉ်ကျေးမှုတို့ တည်ဆောက်အခြေခံကာဒဏ္ဍာရီဆန်ဆန်လူနေမှုဘဝ ပိုင်ဆိုင်ကြသူများဖြစ်ကြပါသည်။

ဆလုံလူမျိုးများသည် တူးဒါးခေါ်ကောင်းကျိုးပေးသောနတ်နှင့်ကတ္တိုင်း (ခေါ်) ဆိုးကျိုးပေးနိုင်သောနတ်တို့ရှိသည်ဟုယုံကြည်ကြသည်။ ကောင်း

ကင်နှင့်မြေကြီးကို တူးဒါးနတ်ကဖန်ဆင်းပေးခဲ့ပြီး ရေလွှမ်းမိုးမှုကြီးတစ်ခုကိုပါ ထပ်မံဖန်ဆင်းပေးခဲ့သည်။ ထို့နောက် လူမျိုးများအမူအကျင့်တို့ကိုလိုက်၍ နယ်မြေများခွဲဝေ သတ်မှတ်ပေးခဲ့သည်။ ကတွိုင်းနတ်၊ လူပုန်းနတ်တို့အား ပူဇော်ပသရာတွင်နတ်ဆရာမှဦးဆောင်၍ ဆောင်ရွက်ပေးလေ့ရှိသည်။ ဆလုံရိုးရာနတ်ပူဇော်ပွဲကို နှစ်စဉ်မြန်မာသကြ်န်အပြီး ဧပြီလနှောင်းပိုင်းတွင် ပြုလုပ်လေ့ရှိသည်။

## (က) ဆလုံတို့ကိုးကွယ်ယုံကြည်သောနတ်များမှာ

၁။ ဘိုးဘွားဘီဘင်နတ်ကိုးကွယ်မှု

၂။ လှေစောင့်နတ်ကိုးကွယ်မှု

၃။ ပန်းဒေါင်းတို့၏ရိုးရာနတ်ဖြစ်သော မြွေနတ်ကိုးကွယ်မှု

၄။ "ပေတအို" ခေါ် တံခါးပေါက်စောင့်နတ်ကိုးကွယ်မှု

၅။ နတ်တိုင်နှင့်ပူဇော်ပသမှု ( ယုံကြည်ကိုးကွယ်မှု ) စသည်တို့ဖြစ်ပါသည်။

နတ်တိုင်နှင့်ပူဇော်ပသမှု (ယုံကြည်ကိုးကွယ်မှု)အပေါ်တွေ့ရှိချက်များမှာ အောက်ပါအတိုင်းဖြစ်ပါသည်။



နတ်ပူဇော်မည့်လှေတွင်ပါဝင်သည့်ပစ္စည်းများ



D/mai than myint

နတ်တိုင်ဆိုသည်မှာ-

နတ်တိုင်များသည် ဆလုံလူမျိုးတို့၏အဓိက သင်္ကေတများဖြစ်ပါသည်။နှစ်စဉ်နတ်ပူဇော်ပွဲများ သည်လောကများအားလုံးသမမျှတစွာ ရပ်တည် နိုင်ရေးအတွက်လူသားနှင့်စိတ်ဝိညာဉ်တို့ပေါင်းဆုံ သည့်ပွဲဖြစ်ပါသည်။ ဆလုံလူမျိုးတို့သည် ဘိုးဘွား ဘီဘင်နတ်ကိုးကွယ်မှု၊ လှေစောင့်နတ်ကိုးကွယ်မှု စသည်ဖြင့် တစတစကိုးကွယ်မှုများရောနှောလာ ခြင်းသည် မြန်မာနှင့်ဆလုံလူမျိုးများအား သဟ ဇာတဖြစ်စေပါသည်။ ပန်းဒေါင်းတို့၏ ရိုးရာနတ် ဖြစ်သည့်မြွေမှာ ပူဇော်ပွဲတိုင်းတွင်ပါလေ့ရှိပါ သည်။ အိုလောင်းပုတိခေါ် နတ်ဆရာတို့သည် ပန်းဒေါင်းအုပ်စုမှတန်ခိုးရှိသူ၏ သင်္ကေတနှင့် နတ်တိုင်များပြုလုပ်လေ့ရှိပြီး ဘာဒါနတ်တိုင်များ မှာလူရုပ်ပုံများဖြစ်ပြီး အများအားဖြင့်ရုပ်ဟန်ပို ၍ပေါ်လွင်သည်။ နတ်တိုင်များထိပ်တွင် လိုဘု(င်) ခေါ်ဒလက်တိုင်များ တတ်လေ့ရှိပြီး အခြားဆလုံ အုပ်စုများနှင့်သော်လည်းကောင်း ဆက်သွယ်ပေး နိုင်သည်ဟုယုံကြည်ကြသည်။ ဆလုံလူမျိုးတို့ သည်ယခင်ကဘိုး၊ဘွားနတ်များကို ပူဇော်ရာတွင် ဘိုးဘွားကိုးကွယ်မှု မျက်နှာဖုံးများကို ကျင့်သုံးခဲ့

သော်လည်း ယခုအခါတွင်အဆိုပါဓလေ့ကိုစွန့်ပစ်ခဲ့ကြပြီဖြစ်ပါသည်။

နတ်တေးဆို၍ကခုန်ခြင်း၊ နတ်ပူဇော်ပွဲနှင့်ဆေးကုသခြင်း၊ ဝိညာဉ်ဆိုး၊ ဝိညာဉ်ကောင်းစသော မလေးယဉ်ကျေးမှုများ ဆက်စပ်လျှက်ရှိနေပြီး မြန်မာနတ်များနှင့်လည်း ယှဉ်တွဲလျက်ရှိကြပါသည်။ နတ်ကရာတွင်ရှားမန်း(ခေါ်)နတ်ဆရာတို့သည် ဗုံစည်းချက်နှင့်အညီ ကခုန်ကာဝိညာဉ်ဝင်ပူး၍ "ကယုန်း" ခေါ်နတ်နှင့်စာချုပ်ချုပ်၍ အနာဂတ်ရှေ့ရေးဟောပြောလေ့ရှိပါသည်။ ထို့အပြင် "စီးတီး" ခေါ်နတ်ဝင်သည်များ၊ "ရှားမန်း" ခေါ် နတ်ဆရာ အတတ်ပညာသည်မျိုးရိုးပညာဖြစ်၍ ယောကျ်ား၊ မိန်းမမရွေးဆက်ခံနိုင်သည်။ သို့သော်အမျိုးသမီးများကသာတေးဆို၍ ကခုန်တတ်ကြပြီး ဝိညာဉ်ဝင်ပူးနိုင်သည့် "စီးတီး" ခေါ် နတ်ဝင်သည် ဖြစ်နိုင်ပါသည်။ "စီးတီး"(နတ်ဝင်သည်) မရှိလျှင် နတ်ပူဇော်ပွဲမဖြစ်နိုင်ပါ။ဆလုံလူမျိုးတို့သည် မိုးတွင်းသို့ဝင်လာသည်နှင့် တပြိုင်နက်မျောလှေတို့ စုပေါင်းကာ "ဘိုလိုဘု(င်)"ခေါ်ရိုးရာ နတ်ပူဇော်ပွဲ ကျင်းပကြပါသည်။အဆိုပါပူဇော်ပွဲတွင် "စီးတီး"ခေါ် နတ်တေးသီဆိုကခုန်သူများ၊"ဘေးလမ်း" ခေါ် ရှားမင်းနတ်ဆရာအကူများ၊




နတ်တိုင်နှင့် ပူဇော်သည့်ပစ္စည်းများ





ဆလုံနတ်များ

"လေးဖယ်င်း" ခေါ်ပူဇော်ပွဲဆရာများနှင့် ယခုအချိန်တွင် အလေ့အထ နည်းပါးလာသော်လည်း တခါတရံ "ဂျင်းညောင်း" ခေါ် ရွာမန်းနတ်ဆရာတို့သည်နတ်တို့အား ပူဇော်ပင့်မြှောက်ပြီးလျှင် လောကအမျိုးမျိုးနှင့် ဆက်သွယ်ပူးကပ်ပါတော့သည်။ "စီးတီး" နတ်ဝင်သည်တို့သည် အလှပဆုံးဝတ်ဆင်လျက် စားသောက်ဖွယ်ရာအမျိုးမျိုးတို့ဖြင့်နတ်တင်ခြင်း၊ နတ်စီးခြင်းများ ပြုလုပ်လေ့ရှိကြပါသည်။ နတ်ဆရာသည် နတ်တိုင်များကိုပွဲဆက်ကပ်ခြင်းဖြင့် ပူဇော်ပွဲစီစဉ်သည်။ နတ်ဝင်သူအမျိုးသားနှင့် အမျိုးသမီးများက နတ်ဆရာကိုဦးခိုက်ရသည်။ ဘာဒါနတ်တိုင်ပူဇော်ပွဲ၌ ဘိုးဘွားဝိညာဉ်နှင့်နတ်ကိုးကွယ်မှုရိုးရာတို့ကိုပြန်လည်တွေ့နိုင်သည်။ ခေါင်းပေါင်းနီမှာ ပွဲစီစဉ်သူ ဆရာ၏တန်ခိုးသင်္ကေတ ဖြစ်ပါသည်။ ရိုးရာပူဇော်ပွဲတွင်ပွဲနယ်မြေကို တိုင်များဖြင့် သိသိသာသာစည်းတားသတ်မှတ်လေ့ရှိပြီး တဘက်မှာ ကမ်းခြေနှင့်သောင်ပြင်စပ်ဖြစ်၍ကျန်တဖက်မှာသောင်စပ်နှင့်တောင်စပ်ဖြစ်ပါသည်။ "ပပန်းပုတိ"ခေါ်နတ်စင်၊နတ်တိုင်တို့ကိုနတ်ဝင်သည်များမှ တဆင့်အရှေ့အရပ်၊ အနောက်အရပ်၊ တောင်တန်း၊ ပင်လယ်တို့၏ "ပေတအို"

ခေါ်တံခါးပေါက်စောင့်နတ်တို့ကို ပူဇော်ပသနိုင်ပါသည်။ ဆလုံလူမျိုးများသည် အကာအကွယ်လက်ဖွဲ့များကို တစထက်တစကိုင်ဆောင်လာကြသည့်ကိုလည်းတွေ့ရှိရပါသည်။ နတ်ပူဇော်ပွဲတွင်မပါမဖြစ်ပါဝင်ရသောအရာမှာဆလုံတို့၏ရိုးရာဗုံဖြစ်ပါသည်။ အဆိုပါ ဗုံအား "ဘန" ဟုခေါ်ဆိုပြီးသစ်သားနှင့်မျောက်သားရေ (သို့မဟုတ်) ပဒက်သားရေဖြင့်ပြုလုပ်ထားပါသည်။

## (ခ) ဘိုးဘွားဘီဘင်နတ်ပူဇော်ပွဲ

နတ်ပူဇော်ပွဲသည် ဘိုးဘွားဘီဘင်နတ်ကိုပူဇော်သည့်နတ်ပွဲတွင် နတ်ဆရာမ(၇)ယောက်ဖြစ်သည့်အတွက် နတ်တိုင်(၇)တိုင် ပါဝင်ကြောင်းသိရှိရပါသည်။ ဘိုး၊ ဘွားနတ်ကိုပူဇော်သည့်ပွဲဖြစ်သည့်အတွက် ၎င်းတို့၏အယူအရနတ်တိုင်များသည် ရှေးခေတ်ဘိုး၊ ဘွားတွေကိုကိုးကွယ်ကြခြင်း ဖြစ်ပါကြောင်း၊ နတ်တိုင်များသည်၎င်းတို့၏အသက်ဖြစ်သကဲ့သို့အဖိုး၊ အဖွားများသည်လည်း ၎င်းတို့၏အသက် ဖြစ်ပါကြောင်း၊ နတ်တိုင်ထူထောင်သည့်



ဆလုံဖုံအပြင်ဘက်ပုံ





ဆလုံဖုံအတွင်းဘက်ပုံ



ဆလုံဖုံနှင့်
ဆလုံအမျိုးသမီးမှတီးခတ်နေပုံ

D/mai than myint

အတွက် အားလုံးအသက်ရှည်ကြပါကြောင်း၊ ၎င်း ဘိုးဘွားများကပင် နတ်ဆရာများ ဖြစ်ကြပါကြောင်း၊ ထိုသို့ကိုးကွယ်သည့်အတွက် မိမိတို့ကိုလည်းစောင့် ရှောက်ပါကြောင်း၊ ဒါ့ကြောင့် နတ်တိုင်ထောင်ပြီး ကိုးကွယ်ခြင်းဖြစ်ပါကြောင်း သိရှိရပါသည်။

**(ဂ)နတ်ပူဇော်ပသရာတွင်ပါဝင်ပစ္စည်းများ**

နတ်ပူဇော်ပသရာတွင်အောက်ဖော်ပြပါပစ္စည်းများ ပါဝင်ရမည်ဖြစ်ပါသည်-

လိပ်၊သစ်ပလုပ်၊ပျား၊သံပချုပ်၊ ငှက်ပျောသီး၊ ပင်လယ်ထဲမျောနေသော အုန်းသီး၊ ကြက်၊ ဝက်၊ အရက်အမျိုးမျိုး၊ အမွေးတိုင်၊ ဖယောင်းတိုင်၊ ဆေးလိပ်၊ ဆေးတံ၊ ကွမ်းသီး၊ ကွမ်းရွက်၊ ထုံး။

**(ဃ) နတ်ပူဇော်ရန်လှေတွင်ထည့်ရသောပစ္စည်းများ**

နတ်ပူဇော်ရန်လှေတွင် ထည့်ရသောပစ္စည်း များမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

မီးသွေးရောထမင်း၊ ထမင်းဝါ၊ ဆန်ပြုတ်၊ ဆန်၊ ရေ ၊ လက်ဖက်ရည်၊ ထင်း၊ မီးဖို၊ ပြုံးခက်၊ခ ရုဖင်ချွန်း၊ စေတီခရု၊မုတ်ခွံ၊ ကွမ်းသီး၊ ကွမ်းရွက်၊ ဆေးလိပ်၊ ငါး၊ ဂဏန်း၊အမွေးတိုင်၊ဖယောင်းတိုင်၊ ပိတ်အဖြူ၊ အနီ။



နတ်ကတော်များဦးဆောင်ကာရွာအတွင်းလှည့်လည်ကာပူဇော်
နေသည့်ပုံ



နတ်ကတော်များဦးဆောင်ကာလှေငယ်အားပင်လယ်သို့
ကျောက် ချရန်အတွက်ပြင်နေဆင်သည့်ပုံ

## (င)နတ်ပူဇော်ထားသည့်လှေငယ်ကိုမျှောရခြင်းရည်ရွယ်ချက်

နတ်ပူဇော်မည့်လှေငယ်တွင် လိုအပ်သောပစ္စည်းများထည့်ပြီးပါက လှေကို ထမ်းပြီးရွာကို(၁)ပတ်ပတ်ကြရာလှေ၏နောက်မှ ဆလုံရိုးရာဗုံကို တီးခတ်ကြပြီး နတ်ဝင်သည်နတ်ဆရာမများသည် စည်းချက်နှင့်အညီကခုန်၍လိုက်ကြပြီး ရွာသူရွာသားများနှင့်ပျော်ရွှင်စွာလှည့်လည်ကြပါသည်။ ထို့နောက်ရွာအရှေ့ဘက်တွင် လှေကို(၁)ရက်နှင့်(၁)မနက်ကျောက်ချထားပြီးရပ်နားထားရပါသည်။ကျောက်ချရပ်နားထားစဉ် နတ်ဆရာမှ လှေငယ်ပေါ်ရှိဘိုး၊ ဘွားဝိဉာဉ်များအား ဤကျွန်း၌ရှိသော မကောင်းဆိုးဝါးများကိုခေါ်ဆောင်ပြီးအခြားကျွန်း၊ အခြားနေရာများဆီသို့သွားရောက်နေထိုင်ကြပါ၊ ဒီကျွန်းမှာမနေကြပါနှင့်၊ထိုကဲ့သို့သွားရောက်နေထိုင်ကြရန် အတွက်လည်း လှေနှင့် စားသောက်စရာများအားလုံးကိုလည်းပြည့်ပြည့်စုံစုံပေးထားပြီးဖြစ်ပါ၍ အားလုံးဒီလှေငယ်နှင့်အတူ မကောင်းသော ကိစ္စရပ်များအားလုံးကို ယူဆောင်၍ သွားကြပါရန်နှင့် မိမိတို့၏သားသမီး၊ မြေး၊မြစ်များအားနေကောင်းရန်၊ စီးပွားရေးအဆင်ပြေရန်နှင့် လုပ်ငန်းကိုင်ငန်းများအားလုံး အဆင်

ပြေစေရန်စောင့်ရှောက်ပေးပါရန် ဆုတောင်းကြ ကြောင်းသိရှိရပါသည်။ ကျောက်ချရပ်နားထားစဉ်အ တွင်းအဆိုပါလှေငယ်သည် အလိုအလျောက်ကျောက် ချထားသော ကြိုးပြတ်ပြီး မျောသွားမည်ဖြစ်ပြီး ထိုကဲ့သို့မျောသွားပါကငင်းတို့ယုံကြည်သောလှေငယ်ထဲ ကနတ်ဆရာများ (ဘိုး၊ဘွားဝိညာဉ်များ)သည် ရွာထဲရှိ မကောင်းဆိုးဝါးများကို ခေါ်ဆောင်ပြီးတော့အ ခြားကျွန်း၊ အခြားနေရာများသို့ သွားနေကြခြင်း ဖြစ်ပါကြောင်း၊ ၎င်းတို့အားဘိုး၊ ဘွားနတ်များမှ စောင့်ရှောက်လျှက်ရှိကြောင်းကိုလည်း ယုံကြည်ကြ ပါသည်။တခါတရံတွင်ကျောက်ချထားသော လှေသည် (၃) ရက်ကြာသည်အထိ မမျောသေးပါက ၎င်းတို့ ရွာတွင်ဘေးအန္တရာယ်များ ကျရောက်နိုင်သောကြောင့် တစ်စုံတစ်ဦးမှ တိတ်တဆိတ်သွားရောက်၍ လှေမှ ကျောက်ဆူးကြိုးကိုဖြတ်ပြီး လှေကိုမျောစေပါ သည်။

## (စ) နတ်ပူဇော်ပုံ

နတ်ပူဇော်ပွဲပြုလုပ်ရာတွင် သက်ဆိုင်ရာ နတ်ဆရာမများမှဦးဆောင်၍ နတ်တိုင်များထွင်း ခြင်း၊နတ်တိုင်များအားအလှဆင်ခြင်း၊ နတ်ပူဇော်



ဆလုံသင်္ချိုင်းတွင်သွားရောက်ဆုတောင်းနေသည့်ပုံ



ဆလုံ သင်္ချိုင်းပုံ

ရန်ပစ္စည်းများပြင်ဆင်ခြင်းများ ပြုလုပ်ကြပြီး နတ်ဆရာမများမှ ဝါးဆစ်များ၊ ဖုံများနှင့်ဒန်အိုးများကိုတီးခတ်ပြီးပထမတွင် ငြိမ့်ညောင်းစွာစည်းချက်နှင့်အညီ ကခုန်ကြပြီးနောက်ပိုင်းတွင် မြိုင်မြိုင်ဆိုင်ဆိုင်ကခုန်ကြပါသည်။ ထိုသို့ကခုန်ရာတွင် ဆလုံရိုးရာတေးသီချင်းကိုလည်း သီဆိုကြပါသေးသည်။ နတ်တင်ရန်အတွက်လိပ်၏ ကလီစာများကို နတ်ဆရာမ (၇)ယောက်ရှိသည့်အတွက်(၇)ပုံ ပုံပြီး နတ်ဆရာမများ နတ်ပူဇော်ရန်အတွက် ဖယ်ပေးရပါသည်။ ထို့နောက်ပြုတ်ထားသောလိပ်သားများကို နတ်ဆရာမများမှ ပထမဆုံးစားသုံးရပါသည်။ နတ်ဆရာမများ စားသုံးပြီးပါကကျန်သည့်လိပ်သားများကိုအခြားကျေးရွာများမှလာသော ဧည့်သည်များ နှင့်နတ်ပွဲသို့လာရောက်ကြသောဧည့်သည်များအားကျွေးမွေးပါသည်။

## (ဆ) ဘိုး၊ ဘွားနတ်များအားပူဇော်ကန်တော့ခြင်း

နတ်ဆရာမများနှင့်ဆလုံလူမျိုးများသည် ကျွန်းတစ်ဘက်ကမ်းရှိဋင်းတို့၏ သင်္ချိုင်းသို့သွားရောက်ကြပြီးသေဆုံးသွားပြီဖြစ်ကြသောဘိုး၊ဘွားများ၏

မြုပ်နှံထားသောမြေပုံနေရာတွင်နတ်တိုင်များစိုက်ထူ၍ ဆုတောင်းကြပါသည်။ အဆိုပါနေရာတွင်အမွေးတိုင်၊ ဖယောင်းတိုင်များ ထွန်းညှိ၍ လိပ်နတ်တိုင်အတွက် ပထမဦးဆုံးပူဇော်ပသရပါသည်။ပူဇော်ပသရာတွင် လိပ်၏ဦးခေါင်းများ၊ လိပ်၏ ကလီစာများ၊ အရက်မျိုးစုံ မုန့်မျိုးစုံ၊ဆေးလိပ်နှင့်အချိုရည်မျိုးစုံတို့ဖြင့်လည်းကောင်း၊



သင်္ချိုင်းတွင်နတ်ကတော်များဦးဆောင်ကာ
အနာဂတ်ဟောနေသည့်ပုံ

D/mai than myint

ဆလုံတေးသီချင်းများဆို၍ ဖုံကိုစည်းဝါးညီညီ တီးခတ်ပြီး ကခုန်ကာ လိပ်နတ်ကိုပူဇော်ပါသည်။ ထို့နောက် နတ်ဝင်သည်(စီးတီး)နတ်ဆရာမသည် အခြားနတ်တိုင်များ(ဘိုး၊ ဘွားနတ်တိုင်များ)ရှိရာသို့ အလှည့်ကျသွားရောက်ပြီး ကခုန်ပူဇော်ပါသည်။ ထို့နောက် အကြီးဆုံးနတ်ဆရာမအဖြစ်သတ်မှတ်ထားသောနတ်ဝင်သည်သည် သေဆုံးသွားသောဘိုး၊ ဘွားများကို သွားရောက်၍ကြည့်ရှုမည်ဆိုကာ ၎င်းကိုယ်ပေါ်တွင် ပိတ်ဖြူစကို လွှမ်းအုပ်စေ၍မြေအောက်ကမ္ဘာသို့သွားရောက်သည်ဟုဆိုပါသည်။ ထိုသို့ ပိတ်ဖြူစလွှမ်းထားချိန်တွင် ခြေထောက်ဖြင့်(၃)ကြိမ်မြှောက်၍အချက်ပေးပါသည်။ (၃)ကြိမ်မြှောက်အချက်ပေးပြီးပါက နတ်ဝင်သည့်နတ်ဆရာမအားပိတ်ဖြူလွှမ်းထားခြင်းကိုဖယ်၍ အားကောင်းသောအမျိုးသား ၃ ဦး ၄ ဦး မှနတ်ဝင်သည်အားကိုင်၍ ပြင်းပြင်းထန်ထန် လှုပ်ပေးရပါသည်။ ထိုသို့ ခြေထောက်ဖြင့် အချက်ပြသည်ကိုမသိလိုက်၍ မလှုပ်ပေးပါကအဆိုပါနတ်ဝင်သည်သေဆုံးတတ်ကြောင်းကိုလည်းသိရှိခဲ့ရပါသည်။ မြေအောက်ကမ္ဘာသို့သွားရောက်ရာမှပြန်လည်ရောက်ရှိလာသော နတ်ဝင်သည်သည် ကြွေပန်းကန် အသေးအားပါးစပ်ဖြင့်

ကိုက်ပြီးအရက်သောက်ကာ ကြွေပန်းကန်အား ပြန်ချသည့်အခါ ကြွေပန်းကန်၏ အနေအထား (ဥပမာ ကြွေပန်းကန်သည် အတည့်ကျလား၊ မှောက်၍ကျလား) ပေါ်မူတည်၍ငင်းတို့မျိုးနွယ်စု၏ အနာဂတ်အခြေအနေအားဟောပေးသကဲ့သို့ ရေခွက်ထဲတွင်ရေအပြည့်ထည့်၍ ဖယောင်းစက်ချပြီးလည်းအနာဂတ်ကိုဟောပါသည်။ ထိုနေ့တစ်နေ့လုံးသည် ၎င်းတို့၏ဘိုး၊ ဘွားနတ်များကိုပူဇော်သောအားဖြင့် အရက်သောက်ခြင်း၊ ကခုန်ခြင်းတို့ဖြင့် ပူဇော်ဆုတောင်းပွဲများပြုလုပ်ကြပါသည်။

ဆလုံလူမျိုးတို့၏တမလွန်ဘဝနှင့် ပတ်သက်၍လည်း ယုံကြည်မှုများရှိပါသည်။ ယခင်ကလူတစ်ဦးသေဆုံးပါက ထိုသူပိုင်ဆိုင်သောပစ္စည်းအားလုံးကို ထိုသူနှင့်အတူ ထည့်သွင်းမြှုပ်နှံပေးရသည်။ ထိုသို့ထည့်၍မြှုပ်နှံပေးခြင်းဖြင့် သေဆုံးသူမှာ တမလွန်ဘဝတွင်လည်း ထိုပစ္စည်းများကို ရရှိပိုင်ဆိုင်နိုင်ကြသည်ဟုယူဆကြပါသည်။ ရှေးယခင်ကဆလုံလူမျိုးတို့သည် သင်္ချိုင်းကျွန်းပေါ်ရှိ လင့်စင်တွင်အလောင်းနှင့်အတူ သေသူပိုင်ဆိုင်သောရွှေငွေအပြင် တန်ဖိုးရှိသောပစ္စည်းများ၏ တစ်ဝက်တိတိကိုထည့်ကာ သင်္ဂြိုဟ်သောဓလေ့ရှိ

ခဲ့သော်လည်း ယခုအခါတွင် စတိသဘောအနည်း ငယ်သာအခေါင်းထဲသို့ ထည့်ကြပြီး အလောင်းနှင့် အတူ ရေ၊ ဆန်၊ အိုးအပြင် အမျိုးသား သေလျှင် ပုဆိန်၊ လွ၊ ဓား၊ ဆောက်၊ လှေငယ် အသေးတစ်စီး စသောအသုံးအဆောင်ပစ္စည်းများ ထည့်လေ့ရှိသ ကဲ့သို့ရေငုပ်ရာတွင် အသုံးပြုသောရေငုပ်မျက်မှန် ကိုလည်းကောင်း၊ အမျိုးသမီးသေဆုံးလျှင် ခက် ရင်း၊သံကောက်အစရှိသော ခရင်းခွသည့် ပစ္စည်း များကိုထည့်ပေးကြသကဲ့သို့ ယခုခေတ်တွင်အဆို ပါပစ္စည်းများအစား ဆံညှပ်ကို လည်းကောင်း ထည့်ပေးလေ့ရှိပါသည်။ အချို့ဆလုံလူမျိုးများ သည် အမျိုးသားသေဆုံးလျှင် ဒီရေတက်ချိန်တွင် လည်းကောင်း၊ အမျိုးသမီးသေဆုံးလျှင်ဒီ ရေကျ ချိန်တွင်လည်းကောင်း၊ မြှုပ်နှံကြသော်လည်း အ ချို့ဆလုံလူမျိုးတို့သည် သင်္ဂြိုဟ်သည့် အချိန်သတ် မှတ်ထားခြင်းမရှိပေ။ အသက်ကြီးသော အမျိုး သားသေဆုံးလျှင် ကျောက်တုံးကြီးကြီး တစ်လုံး ကိုလည်းကောင်း၊ အသက်ငယ်သော အမျိုးသား သေဆုံးလျှင် ကျောက်တုံးငယ်ငယ် တစ်တုံးကို မြေ ပုံပေါ်တွင် စိုက်ထားပြီး၊ အမျိုးသမီးများ သေဆုံး လျှင်ခရင်းပါသော ကျောက်တုံးကိုမြေပုံ ပေါ်တွင်

စိုက်ထားရကြောင်းနှင့် ကလေးငယ် သေဆုံးပါက အုန်းသီးအသေး တစ်လုံးကို စိုက်ထူထားကြပါ ကြောင်းသိရှိရပါသည်။ ဆလုံလူမျိုးတို့ သည်တမ လွန်ကို ယုံကြည်ရခြင်းမှာလည်းငင်းတို့ ၏ဘိုး၊ ဘွားများ သေဆုံးသွားသောအခါ ဘိုး၊ ဘွား ဝိညာဉ်များအဖြစ် ၎င်းတို့က မမြင်ရသော်လည်း ဘိုး၊ ဘွားဝိညာဉ်များကမြင်ရပြီးငင်းတို့ကို စောင့် ရှောက်ကြသောကြောင့်ဘိုး၊ ဘွားဝိညာဉ်ကိုးကွယ် မှုများအားဆောင်ရွက်ခြင်း ဖြစ်ကြောင်းကို လည်း သိရှိရပါသည်။

# မွန်ခလေ့တပို့တွဲလပြည့်ထင်းမီးပူဇော်ပွဲ

မြန်မာ့ဆယ့်နှစ်လရာသီတွင် တပို့တွဲလသည် ဧကဒသမမြောက်လဖြစ်သည်။ ဟေမန္တဥတု၏တတိယလဖြစ်သည်။ တပို့တွဲလသည် ရာသီဥတုအေးမြပြီးနှင်းမြူဆိုင်းသောလလည်းဖြစ်သည်။ တောင်သူလယ်သမားများအဖို့ စပါးရိတ်သိမ်းနယ်လှေ့ပြီးကောက်ပဲသီးနှံဖြစ်သောမြေပဲ၊ နေကြာမျိုးစုံဟင်းသီးဟင်းရွက်များစိုက်ပျိုးပြီးစီး၍ စိမ်းလန်းစိုပြေနေသောအချိန်အခါဖြစ်သည်။မွန်လူမျိုးတို့သည် အများအားဖြင့်လယ်ယာလုပ်ငန်းကိုအဓိက စီးပွားရေးလုပ်ငန်းအနေဖြင့်အသက်မွေးဝမ်းကြောင်း ပြုကြသောကြောင့် တပို့တွဲလသည်လုပ်ငန်းခွင် သက်တောင့်သက်သာဖြစ်သောအချိန်ကာလဖြစ်သောကြောင့် ဘုရားပွဲ၊ အလှူဒါနပွဲ၊ ပျော်ပွဲရွှင်ပွဲကျင်းပလေ့ရှိသောလဖြစ်သည်။ တပို့တွဲလတွင်မွန်လူမျိုးတို့ ကျင်းပသောပွဲတော်များ အနက်ထမနဲထိုးပွဲနှင့် ထင်းမီးပူဇော်ပွဲသည် အခြားတိုင်းရင်းသားဒေသနှင့် မတူ တစ်မူထူးခြားသောပွဲတော်တစ် ခုဖြစ်သည်။

## ထမနဲထိုးပွဲနှင့်ထင်းမီးပူဇော်ပွဲပေါ်ပေါက်လာသည့် အကြောင်း–

အင်္ဂုလိမာလ မထေရ်နုစဉ်ဘဝပါရမီဖြည့်ဆည်းသောအချိန်က သူဆင်းရဲသားလယ်သမားဘဝတွင် လယ်ယာလုပ်ငန်းဖြင့် အသက်မွေးဝမ်းကြောင်းပြု၏။ တစ်နေ့သော နံနက်ခင်းစောစောအချိန် နှင်းများကျလျက်ထယ်ထိုးခြင်းအမှုကို ပြုလုပ်နေ၏။ ထိုအချိန်တွင် ပစ္စေကဗုဒ္ဓါအရှင်သူမြတ်သည် ဆွမ်းခံကြွလာသည်။ နှင်းများကျနေသဖြင့် အရှင်သူမြတ်၏သင်္ကန်းတော်မှာစိုရွဲကာ ချမ်းပြီးတုန်နေသည်ကိုမြင်သဖြင့် ကောက်ရိုးမီးမွှေးကာအရှင်သူမြတ်ကို နွေးထွေးစေပါသည်။ ပါလာသော ယာဂုထမင်းကို ဆွမ်းအလို့ငှါလောင်းလှူလိုက်ပါသည်။ ဤကောင်းမှုကုသိုလ်အဟုန်ကြောင့် လူပြည် နတ်ပြည်တို့တွင်ကျင်လည်ပြီးနောက်ဆုံး အင်္ဂုလိမာလ ဘဝတွင်ပစ္စေကဗုဒ္ဓါမီးလှူပြီးအင်အားပြန်လည်ပြည့်လာသကဲ့သို့ ဆင်ပြောင်ငါးစီးအားမာန်နှင့်ပြည့်စုံကာ သစ္စာတရားလေးပါးကိုသိမြင်၊ အသဝေါကင်းစင်ရဟန္တာအရှင်သူမြတ်ဘဝဖြင့် ပရိနိဗ္ဗာန်စံရသည်။ မွန်လူမျိုးတို့သည် ဤဒေသနာတော်ကိုလိုက်နာကာ၊ တပို့တွဲလပြည့်နေ့တွင် ထမနဲ

ထိုးပွဲပြုလုပ်ခြင်း၊ ဆရာတော်၊ သံဃာတော်များအား ထင်းမီးပူဇော်ခြင်းဓလေ့ကိုပြု လုပ်ဆောင်ရှက်ကြပါသည်။

**ထမနဲထိုးပုံအဆင့်ဆင့်**

လိုအပ်သောပစ္စည်းများကို(မိုးပြဲဒယ်အိုးတစ်အိုးစာ)

| | |
|---|---|
| ၁။ကောက်ညှင်း | ၄ ပြည် |
| ၂။ဆီ | ၁ ပိဿာ ၅၀ ကျပ်သား |
| ၃။အုန်းသီး | ၁၂ လုံး |
| ၄။မြေပဲ | ၂ ပိဿာ |
| ၅။ကြက်သွန်ဖြူ | ၁၅ ကျပ်သား |
| ၆။ဂျင်း | ၃၀ ကျပ်သား |
| ၇။နှမ်း | ၁ ဗူး |

၈။ဆားအနည်းငယ်

ကောက်ညှင်းကိုရေဆေးပြီး ၄နာရီခန့်စိမ်ထားရမည်။ဂျင်းနှင့်ကြက်သွန်ဖြူကို ဆီနှင့်ကျက်အောင်လှော်ပြီးဆယ်ခပ်ထားပါ။ အုန်းသီးကိုအနီရောင်ပြောင်းအောင်လှော်ထားပါ။ ရေနွေးတစ်အိုးဆူအောင်တည်ထားပါ။

ကောက်ညှင်းကို ဆီနှင့်အရောင်ဖောက်အောင်လှော်ပါ။ ပြီးလျှင်ဆူနေသော ရေနွေးချိန်ထည့်ပါ။

ကောက်ညှင်း ရေခမ်းလျှင်ဂျင်း၊ကြက်သွန်ဖြူ၊ အုန်းသီး၊ မြေပဲများထည့်အုပ်နှပ်ထားပါ။ ကောက်ညှင်းနှပ်လျှင် သန်မာသောလူ (၃) ယောက်အနက်မှ (၂) ယောက်က ယောက်မတစ်လက်စီနှင့် ကျန်တစ်ယောက်က အောင် သွယ်ယောက်မကိုင်ညှိပြီးမွှေရသည်။ ၎င်းကိုထမနဲထိုး သည်ဟုခေါ်သည်။ မွှေနေချိန်တွင်တစ်ဦးက နှမ်းဖြူး ပေးနေရမည်။သမအောင်မွှေပြီးသောအခါ အနံ့အရ သာနှင့်ပြည့်စုံသော ထမနဲဒယ်ကိုရရှိနိုင်ပါသည်။

**ထင်းမီးပူဇော်ပုံ**

တပို့တွဲလဆန်း(၁၄)ရက်နေ့တွင် ကျောင်းဒကာလူ လတ်ပိုင်းများက အလျား(၃၀)တောင်၊ အနံ(၁၀) တောင်၊ အနက်(၂)တောင်ခန့်ကျင်းကို ဘုန်းတော်ကြီး ကျောင်းတစ်နေရာတွင်တူးထားကြပါသည်။ လူလတ် ပိုင်းဒကာမတို့က ထမနဲထိုးရန်အတွက် အုန်းသီး၊ ကြက်သွန်ဖြူ၊ ဂျင်းစသည်တို့ကို ခွဲခြမ်းကြသည်။ နေ့မွန်းလွဲချိန် တွင်ထမနဲထိုးမည့် ဆရာများရောက် လာကြပြီး ထမနဲထိုးကိစ္စ စတင်လုပ်ဆောင်ကြပါ သည်။ ထမနဲထိုးပြီးလျှင် လပြည့်နေ့ဆွမ်းတင်ရန်နှင့် သံဃာတော်များအား ကပ်လှူရန် ဦးဦးဖျားဖျား ဖယ်





D/mai than myint





ပြီးလျှင်ညနေခင်းအချိန်ထင်းမီး (ထင်းတုံးကြီးမဟုတ်ပါ၊ လက်မ၊ လက်သန်းခန့် ထင်းကိုင်းများကို ညီညာလှပစွာ သပ်ထားသည့်ထင်းကိုင်းလေးများသာ ဖြစ်သည်) လာရောက်လှူဒါန်းသည့် ကလေးများကို ကျွေးမွေးဧည့်ခံကြပါသည်။ လာရောက်လှူဒါန်းသည့်ထင်းများစုံပါက ကျောင်းထဲသို့ စနစ်တကျစီပြီးလျှင်သက်ကြီးရွယ်အိုများက နံ့သာအမွှေးတိုင်များကို အပေါ်တွင်ထပ်တင်ထားကြပါသည်။ ထို့နောက်မီးတိုက်ပူဇော်ကြပါသည်။ ထင်းမီးပုံသည် တညလုံးမီးခဲရဲရဲဖြင့်တောက်လောင်နေပါသည်။ ညအချိန်အခါတွင်မွန်လူမျိုးကာလသားများသည် ဝါးပိုးဝါးအစိုများယူလာပြီး မီးပုံထဲပစ်ထည့်လိုက်ချန်တွင် ကျယ်လောင်သောအသံပေါက်ကွဲစဉ် အောင်ပြီ၊ အောင်ပြီဟုအော်ကာလက်ခုပ်သြဘာပေးကြပါသည်။ တပို့တွဲလပြည့်နေ့နံနက်အာရုံတက်ချိန်တွင် သံဃာတော်များဝတ်ရွတ်တက်အပြီးတွင် မီးစာလှူကြပါသည်။ ထို့နောက်ကြွရောက်လာကြသော ဒကာ၊ဒကာမများက သီလခံယူတရားနာရေစက်ချပြီး အာရုံဆွမ်းနှင့်ထမနဲအချိုပွဲဆက်ကပ်လှူဒါန်းကြပါသည်။ တရားနာကြွရောက်လာသော ပရိသတ်များကိုထမနဲစတုဒိသာဖြင့်

ညော့်ခံကျွေးမွေးပြီးထင်းမီးပူဇော်ပွဲကြီး အောင်မြင်စွာ ပြီးဆုံး သွားပါတော့သည်။

# သျှစ်သောင်းမြောက်ပွဲ(ခေါ်)သဲပုံစေတီပွဲတော်

ပြည်ထောင်စုမြန်မာနိုင်ငံတွင် မှီတင်းနေထိုင်ကြသောတိုင်းရင်းသားအားလုံးတွင် ကိုယ်ပိုင်စာပေ၊ ကိုယ်ပိုင်ယဉ်ကျေးမှုနှင့်အတူ ဓလေ့ထုံးစံများသည် လူ မျိုးတစ်မျိုးနှင့်တစ်မျိုးမတူကွဲပြားခြားနားနေသည်မှာ ချစ်စရာ၊လေ့လာစရာ၊သိမှတ်စရာများပင်ဖြစ်ကြပေသည်။ နေ့အလိုက်(၁၂)လရာသီအလိုက်ထူးခြားဆန်းပြားသောပွဲတော်များလည်းရှိကြသလို စဉ်လာမပျက်နှစ်စဉ်ကျင်းပသော ပွဲတော်များလည်းရှိကြပါသည်။

သမိုင်းဟူသည် ဖျောက်ဖျက်၍ရကောင်းသောအရာမဟုတ်ပေ၊ ရခိုင်ဟူသည် ဓညဝတီ၊ဝေသာလီ၊လေးမြို့မြောက်ဦးစသောခေတ်ကြီးလေးခေတ်နှင့်စဉ်လာမပျက်ကြီးကျယ်ထွန်းကားခဲ့သလိုကိုယ့်မင်းကိုယ့်ချင်း၊ ကိုယ့်ထီးကိုယ့်နန်းနှင့် နေလာခဲ့ကြသောနန်းဆက်၊ မြို့ဆက်၊ သကျသာကီဝင်အာရိယံနွယ်ဖွားရခိုင်မျိုးဆက်ဖြစ်ပါပေသည်။ ကိုယ်ပိုင်စာပေ၊ ယဉ်ကျေးမှုနှင့်အတူ ဘာသာတရားလေးစားကြည်ညိုသောမျိုးရိုးဖြစ်သည်ကိုလည်းစေတီ၊ ပုထိုး၊ ဓာတ်

တော်မွေတော်နှင့်ယဉ်ကျေးမှု ကျောက်ဆစ်လက်ရာများကယနေ့တိုင်သက်သေအထောက်အထားပြသနိုင်ဆဲဖြစ်ပါသည်။

သျှစ်သောင်းမြောက်ပွဲ(ခေါ်) သဲပုံစေတီတည်ပွဲသည် သမိုင်းကြောင်းအရ တတိယဓညဝတီခေတ် BC ၅၅၄ တွင် ရခိုင်ဘုရင် စန္ဒသူရိယ ပင့်ဖိတ်မှုကြောင့် မြတ်ဗုဒ္ဓသျှင်တော် ကြွချီရောက်လာသည့်အခါကပင် ရဟန်းသျှင်လူများ ဗုဒ္ဓဟောကြားမြတ်တရားကြောင့် သရဏဂုံကိုခါးဝတ်ပုဆိုးကဲ့သို့ မြဲစွာစောင့်ထိန်းလာခဲ့ကြပါသည်။စေတီဘုရား၊ကျောင်းကန်များနှင့်အလှူဒါနရက်ရောကြသည်ကို ရခိုင်ပြည်အနှံ့ တည်ရှိနေသောစေတီ၊ ပုထိုးများက သက်သေခံနေကြသည်။ ယင်းခေတ်ယင်းကာလပင် သျှစ်သောင်းမြောက်ပွဲဓလေ့အစဉ်အလာရှိခဲ့ကြောင်း သမိုင်းအထောက်အထားရှိခဲ့သလို ရခိုင်စာဆိုရှင်များက-


ရခိုင်ယဉ်ကျေးမှုအဖွဲ့
ရခိုင်ရိုးရာသျှစ်သောင်းမြှောက်ပွဲ



**-လဝါတပေါင်း၊ ခါချိန်ပြောင်းလေ့၊ မြစ်ပြင်သီတာ၊ သဲပြင်သာထက်၊ အုံ့အားစလောက်၊ သျှစ်သောင်းမြောက်၍၊ စိုက်ဆောက်တင်းခွန်၊ သီးလောင်းပွင့်သော၊ ဖူးအုံ့မြော်၍၊ ပန်းမောလ်နီဖြူ၊ မြစ်လုံးဆူမျှ၊ဇမ္ဗူမိုးပြင်၊ ရိုးကျင်ခမန်း၊ ပီးလျှုဒါန်းဇေ–** ဟူ၍သျှစ်သောင်းမြောက်ပွဲကိုတင်စားရေးဖွဲ့ ထားခဲ့ပေသည်။အဓိကဆိုလိုသည်မှာသဲပုံစေတီတည် ခြင်းကြောင်း နောင်လာမည့် အရိမေတ္တေယျဘုရားကို ဖူးတွေ့ရနိုင်ကြောင်းနှင့်နိဗ္ဗာန်မဂ်လမ်းရည်မျှော်မှန်းကာ ကြီးငယ်မရွေးသဲပုံစေတီကိုတည်ဆောက် ကုသိုလ်ယူကြပေသည်။ ရခိုင်ပြည်သည် ပင်လယ်သဲသောင် ပေါများသည့်အာရက္ခဒေသဖြစ်ရာ ယခုအခါရခိုင်တိုင်းရင်းသားတို့၏ သမိုင်းဝင်ယဉ်ကျေးမှုဖြစ်သည့် တပေါင်းလတွင် နှစ်စဉ်ကျင်းပမြဲဖြစ်သော သျှစ်သောင်းမြောက်ပွဲခေါ် သဲပုံစေတီတည်ပွဲအကြောင်းကို ပြည်ထောင်စုတိုင်းရင်းသားတိုင်းသိရှိနိုင်ရန်စာတမ်းငယ်အဖြစ် ရေးသားပြုစုတင်ပြလိုက်ရပေသည်။

သျှစ်သောင်းမြောက်ပွဲ (ခေါ်) သဲပုံစေတီပွဲကို သာကီမဏ္ဍိုင် ရခိုင်ယဉ်ကျေးမှုအဖွဲ့နာယက၊ ရခိုင်သုတသနပညာရှင် ဆရာဦးအောင်လှသိန်းမှ ၂၀၀၁- ခုနှစ်

တွင် စစ်တွေမြို့စစ်တွေဟိုတယ်ရှေ့ သဲသောင်ပြင်ကြီး တွင် စတင်ဖော်ထုတ်လုပ်ဆောင်နိုင်ခဲ့ပေသည်။ အစ ပထမနှစ်များတွင် လူသိနည်း၍ မျှော်မှန်းသလောက် စည်ကားသိုက်မြိုက်မှု မရှိခဲ့သော်လည်း ၂၀၁၂-ခုနှစ် မှစတင်ကာ သာကီမဏ္ဍိုင် ရခိုင်ယဉ်ကျေးမှုအဖွဲ့ကဦး ဆောင်ကာ ရခိုင်ရိုးရာစဉ်လာမပျက် ကြီးကျယ်ခမ်း နား- ရိုးရာပုံစံဖြင့် ရခိုင်မင်္ဂလာစည်တော် တီးခတ် ယင်း- ရခိုင်ရိုးရာဝတ်စားဆင်ယင်မှုများဖြင့် ထီး၊ တံခွန်၊ ကုက္ကား၊ ဆီးမီး၊ နံ့သာထွန်းညှိပူဇော်ကာ သဲပုံစေတီပွဲကိုဆင်နွဲလာခဲ့ကြသည်။ သံဃာတော်များ ပင့်ဖိတ်ကာရေစက်ချအမျှဝေ သာဓုအနုမောဒနာ တရားဟောကြားရင်း သျှစ်သောင်းမြောက်ပွဲကို ပြည် သူတစ်ရပ်လုံးစည်ကားသိုက်မြိုက်စွာ ရိုးရာဓလေ့ ပျော်မွေ့စွာ ကျင်းပလာခဲ့ကြပေသည်။

ကြိုတင်ပြင်ဆင်မှုများအရ တပေါင်းလပြည့် မတိုင်မီ(၇)ရက်အလိုခန့်ကပင် သာကီမဏ္ဍိုင်အဖွဲ့ဝင် များကိုပွဲတော်အတွက် လိုအပ်သော ထီး၊ တံခွန်၊ ကုက္ကား၊ သာသနာ့အောင်လံများကို ရောင်စုံစက္ကူများ ဖြင့်သေ သပ်လှပစွာပြုလုပ်ကြသည်။ ဆီမီး၊နံ့သာများ





D/mai than myint

စီစဉ်ကာ ၇-လံ၊၉-လံရှည်သော အဖြူရောင်တံခွန် ဖြင့်တံခွန်အလုံးအရင်းများ ပြုလုပ်ထားကြသည်။ (တံခွန်ထည့်ခြင်းမှာ မလွတ်မကျွတ်သောဝေနေယျ သတ္တဝါများကျွတ်လွတ်စေရန်ရည်ရွယ်၍ ထည့်ရခြင်း ဖြစ်ပါသည်။)

ပွဲတော်ကျင်းပမည့် တပေါင်းလပြည့်နေ့တွင် ဒီရေအတက်အကျကိုလိုက်၍ မနက်စောစော ၉-နာရီ ခန့်ကပင် သာသနာအောင်လံတော်ကြီး(၄)လံဖြင့် သဲပုံ စေတီတည်မည့် မြေနေရာအကျယ်အဝန်းကို သတ်မှတ် အောင်လံတိုင်စိုက်ထူထားကြရပေသည်။

နေ့လည်၁၂နာရီမှစ၍ သာကီမဏ္ဍိုင်အဖွဲ့ဝင် များမှာရိုးရာဝတ်စုံဖြင့် ဆင်ယင်၍လည်းကောင်း ထီး၊ တံခွန်၊ ကုက္ကား၊ ပန်း၊ ဆီမီး၊ နံ့သာများ ယူဆောင် ကာ စစ်တွေမြို့ကိုလှည့်လည်၍ စစ်တွေဟိုတယ် ရှေ့ကမ်း ခြေသို့သွားရောက်ကြပေသည်။ ကမ်းခြေအနီးရောက် သည့်အခါ ရိုးရာဓလေ့အစဉ်အလာအရ ရှေ့ဆုံးမှ သာသနာ့အလံ၊ ကြေးစည်၊ တရားပွဲ၊ ရခိုင်မင်္ဂလာစည် တော်၊ ထီး၊ တံခွန်၊ ကုက္ကား၊ ဆီမီး၊ ပန်း (ကြာပန်း) များကိုင်ဆောင်၍ နောက်ဆုံးတွင် ရခိုင်အိုးစည်အဖွဲ့ နှင့်ရခိုင်သံချပ်ကြီးသီဆိုကာ ကခုန်ပျော်ပါး၍လိုက်ပါ

ကာမဏ္ဍာပိုင်စုရပ်သဲသောင်ပြင်နေရာသို့ စည်ကားသိုက်မြိုက်စွာစီတန်းလှည့်လည်၍ သွားကြသည်မှာရခိုင်သမိုင်းယဉ်ကျေးမှုအစဉ်အလာကို တွေ့သိမြင်ရသောဓလေ့ စရိုက်ပေါ်လွင်လှပပေသည်။

မဏ္ဍာပိုင်စုရပ်သို့ ရောက်သည်နှင့်တပြိုင်နက်အသင့်ပါလာသောပေါက်ပြား၊ ကော်ပြားများဖြင့် ရခိုင်လူငယ်များကသဲပြင်ကိုတူးဆွကြသလိုအမျိုးသမီးများမှာ စေတီတည်မည့်နေရာသို့ နည်းအမျိုးမျိုးဖြင့်ပြောင်းရွှေ့စုပုံကြသည်။ ၎င်းနည်းတူစစ်တွေမြို့ပေါ်ရှိအဖွဲ့အစည်းများ၊ မိသားစုများအပါအဝင် ဒါနပြုကုသိုလ်ယူရန်လာရောက်ကြသော ကလေးသူငယ်လူကြီးပြည်သူများကလည်း တပိုင်တနိုင်စေတီတည်ကြသည်။ ဝါသနာရှင်၊ စေတနာရှင်၊ပညာရှင်များကလည်း စေတီပုံစံအမျိုးမျိုးတည်ကြသည်၊ နဂါးရုံဘုရား၊ သျှစ်သောင်းထုက္ကံသိမ်၊မဟာဗောဓိ၊ လျောင်းတော်မူဘုရား၊ထိုင်တော်မူဘုရား၊ဘုရားပုထိုးများ၊ စေတီတောင်များ၊ ပန်းကြာများနှင့်ရေကန်များအပါအဝင် ထူးခြားဆန်းကြယ်သော စေတီများကိုအမြင့်၂-ပေမှစ၍ ၅-ပေ အထိတည်ကြသည်။ စေတီဘုရားများ









တွင်လည်းပန်းတင်ခြင်း၊ဆီမီးနံ့သာထွန်းညှိပူဇော်ခြင်း၊ထီးတင်ခြင်း၊သာသနာ့အောင်လံလွှင့်ထူခြင်း၊ကုက္ကား၊တံခွန်များ၊သာသနာ့အောင်လံများ စိုက်ထူခြင်းများနှင့်ဒါနကုသိုလ်ယူကြသည်။ သဲများနှင့်စေတီတည်လင့်ကစားပကတိစေတီကဲ့သို့ ဖူးမျှော်ကြည်ညိုကြသည်မှာ ဗုဒ္ဓဘာသာဝင် ရခိုင်လူမျိုးများတို့၏ ထူးခြားသောဓလေ့စရိုက်ကို ပေါ်လွင်စေသည်မှာအမှန်ပင်ဖြစ်သည်။

သျှစ်သောင်းမြောက်ပွဲကိုဦးဆောင်ကျင်းပသောသာကီမဏ္ဍိုင် ရခိုင်ယဉ်ကျေးမှုအဖွဲ့၏ ဖေါ်ထုတ်မှုမှာတော့ထူးထူးခြားခြားတွေ့မြင်ရသည်။ သာကီမဏ္ဍိုင်အဖွဲ့သားများကသဲကိုတူးဆွကာအဖွဲ့သူများကသယ်ကြရွေ့ကြနှင့် တက်ညီလက်ညီပျော်ရွှင်စွာလုပ်ဆောင်ကြသည်။ တပေါင်းလနွေရာသီ နေပူဒဏ်ကိုမမှုဘဲချွေးတဒီးဒီးနှင့်လုပ်ဆောင်ကြသည်မှာအားရစရာကောင်းသလိုမဟာဗောဓိသဲစေတီပြီးမြောက်စေရန် ကုသိုလ်ယူဖေါ်ထုတ်ကြသည်။ မဟာဗောဓိစေတီတည်သည့်ကာလတွင်လည်း ရခိုင်စည်သံ“တဗြိန်ဗြိန်” “တဟိန်းဟိန်း”နှင့်အဆက်မပြတ် ဝတ်စုံဆင်တူနှင့်တီးခတ်





D/mai than myint

ပူဇော်ကြသည်မှာ အားရဖွယ်ကောင်းလှပေစွ၊ စေတီတော်ပြီးသည်နှင့် ထီးတင်ခြင်း၊ပန်း၊ဆီမီး၊နံ့သာဖြင့် ပူဇော်ခြင်း၊ ရခိုင်မင်္ဂလာစည်တော်တီးခတ်ပြီး စေတီတော်ကိုပတ်လည်၃-ပတ်စီတန်းလှည့်လည် ပူဇော်ကြရာလာရောက်ကြည့်ရှုသော ပြည်သူများအဖို့ ပီတိသောမနဿ ဖြစ်ကြရပေသည်။

သဲပုံစေတီတည်ရာတွင် အဓိကထူးခြားချက်မှာ ပင်လယ်မှဒီရေတိုက်စား၍ သဲစေတီပြိုပျက်အောင်ထိ စောင့်ဆိုင်း ကုသိုလ်ယူခြင်းပင်ဖြစ်သည်။ ဗုဒ္ဓ ဟောကြားမြတ်တရားအရ သင်္ခါရ သဘောတရား၊ မမြဲခြင်းကိုသဲစေတီပြိုပျက်မှုအားကြည့်ယင်း သဲစေတီပြိုကွဲပျက်စီးသလို ငါ၏ခန္ဓာသည်လည်း မမြဲပါတကားဟု အနိစ္စသဘောနှင့် ရှုမြင်တတ်ရန် အလွန်အရေးကြီးပေသည်။

နေလုံးကညို၊စေတီပြိုပြီ၊ ငါ့ကိုယ်လည်းမမြဲ၊ အနိစ္စသဘောပဲဟု၊ ဆင်ခြင်ရင်း၊ သျှစ်သောင်း မြောက်ပွဲ(ခေါ်) သဲပုံစေတီပွဲမှာ၊ တပေါင်းလပြည့်၊ ညနေဆည်းဆာတွင်၊ သဲသောင်ပြင်အတိ ပြန်လည် သက် ဝင် ဆဲပါ တကား.....။

# ရှမ်းရိုးရာနှစ်သစ်ကူးပွဲတော်

ရှမ်းလူမျိုးတို့၏ နှစ်သစ်မှာနတ်တော်လဖြစ်ပါသည်။ရှမ်းနှစ်သစ်ကူးပွဲတော်အစဉ်အလာအရ သာသနာတော်နှစ် ၄၅၀(ဘီစီ ၉၄)တွင် ရှမ်းလူမျိုးများသည် **"မူအန်မောဝ်"** တိုင်းပြည်ကို တည်ထောင်ခဲ့သည်။ထိုနှစ်သည် စတုတ္ထသင်္ဂါယနာတင်သောနှစ်လည်းဖြစ်သည်။သောဏမထေရ်သည် ရှမ်းဒေသနန်ချိုပြည်သို့ သာသနာပြုကြွရောက်တော်မူခဲ့ပြီးမဇ္ဈန္တိကမထေရ်က တရုတ်ပြည်တွင်သာသနာပြုကြွတော်မူသည်။ မိန်းဆည် ဘုရင်၏ သားတော်အိမ်ရှေ့မင်းသား ခွန်ဟောင်သည်နောက်ပါတပည့်လေးဦးနှင့်အတူအနောက်နိုင်ငံ (အိန္ဒိယ)သို့ ပိဋကတ်တော်များကို ရေးကူးပြီး နေပြည်တော်သို့ပြန်ရောက်လာရာ ထိုအချိန်သည် ရှမ်းလူမျိုးများ နှစ်သစ်ကူးပွဲတော်အချိန် ကျရောက်နေသဖြင့် သာသနာတော်နှစ် ၄၅၀ သည်ရှမ်းတို့အတွက် ထူးမြတ်သောနှစ် ဖြစ်သည့်အတွက် ထိုနှစ်မှစ၍ ရှမ်းနှစ်ကိုစတင် ရေတွက်လာခဲ့ကြသည်။ ထို့ကြောင့် ရှမ်းနှစ်သည် သာသနာနှစ်ထက် (၄၅၀) နောက်ကျသည်။ရှမ်းနှစ်သစ်ကူးပွဲတော်သည်ရှေးခေတ်ကာလမှ

စ၍ယနေ့တိုင်ရှမ်းလူမျိုးများ အမြတ်နိုးဆုံးပွဲတော် ဖြစ်သည်။

ထိုနှစ်သစ်ကူးပွဲတွင်-

**(၁) နှစ်သစ်ကူးအစားအစာပေးပို့လှူဒါန်းခြင်း**

ရှမ်းရိုးရာအစားအစာများဖြစ်သော မုန့်ဖက်ထုပ်၊ မုန့်ပေါင်းစသည်တို့ကို ပြုလုပ်ပြီးရင်းနှီးသောမိတ်ဆွေများထံ ပေးပို့ကြရသည်။ အိမ်ရှင်ကဝမ်းသာစွာ လက်ခံပြီး ဆုမွန်ကောင်းများပေးရသည်။

**(၂)နှစ်သစ်ကူးကိုစောင့်ခြင်း**

နတ်တော်လဆန်းတစ်ရက်မရောက်မီ တန်ဆောင်မုန်းလပြည့်ကျော် ၁၄-၁၅ ရက်တို့တွင် ပွဲလမ်းသဘင်များ ကျင်းပခြင်း၊ သီချင်းဆိုခြင်း၊ တရားစာနာယူခြင်း၊ရှေးခေတ်ဂုဏ်ယူဖွယ်ကောင်းသောသူရဲကောင်းများအကြောင်းကို ပြောပြခြင်း၊ သမိုင်းကြောင်းကို ပြောပြခြင်းများပြုလုပ်၍ နှစ်သစ်ကိုစောင့်ကြိုကြသည်။

## (၃)နှစ်သစ်ကိုကြိုဆိုခြင်း

နှစ်သစ်ကူးအချိန်ဖြစ်သည့် တန်ဆောင်မုန်းလကွယ် (နှစ်ဟောင်းအကုန်) နှင့် နတ်တော်လဆန်းတစ်ရက်(နှစ်သစ်အရောက်) 00:00 နာရီ အချိန်တွင် မီးရှူးမီးပန်းများပစ်လွှတ်ခြင်း၊ အိုးစည်ဗုံမောင်းများတီးခတ်ခြင်း၊ ကခုန်မြူးတူးခြင်းများကိုပြုလုပ်၍ နှစ်သစ်ကို ဝမ်းသာစွာကြိုဆိုကြလေသည်။




D/mai than myint





D/mai than myint





**(၄)နှစ်သစ်ဝမ်းမြောက်ခြင်း**

နှစ်သစ်ကိုကြိုဆိုပြီးနောက် ဝမ်းမြောက်ဝမ်းသာ ပျော်ပျော်ရွှင်ရွှင် အိုးစည်ဗုံမောင်းစသည်တီးခတ်ခြင်း၊နှစ်သစ်မင်္ဂလာသီချင်းသီဆိုခြင်း၊ ကခုန်ခြင်းများသည် နှစ်သစ်ဝမ်းမြောက်ခြင်းဖြစ်သည်။

**(၅)နှစ်သစ်မင်္ဂလာပြုခြင်း**

နတ်တော်လဆန်းတစ်ရက် နှစ်သစ်ကူးနေ့မှစ၍ နတ်တော်လပြည့်အထိ(သို့မဟုတ်)နတ်တော်လကုန်အထိမိတ်ဆွေအိမ်သို့သွားပြီး“မိုင်ဆုံခ=မင်္ဂလာပါ” **“ကောင်းခြင်းမင်္ဂလာအဖြာဖြာနှင့် ပြည့်စုံပါစေ”** ဟုဆို၍ နှစ်သစ်မင်္ဂလာယူကြရသည်။

**(၆)နှစ်သစ်စီမံခြင်း**

နှစ်သစ်ကူးပွဲတော်အတွက် လိုအပ်သည်များကိုစီမံခြင်းဖြစ်သည်။ဤနှစ်သစ်ကူးနှင့်အတူ မိမိတို့လုပ်ဆောင်ရမည့် လုပ်ငန်းဆောင်တာများကို စီမံကိန်းချထားခြင်းဖြစ်သည်။ (ရှေးအခါက ရာထူးခန့်ခြင်း၊ ရာထူးတိုးမြှင့်ခြင်းစသည်တို့ကို ရှင်ဘုရင်က စီမံဆောင်ရွက်ပေးခဲ့သည်)

**(၇)နှစ်သစ်စာသုံးဆောင်ခြင်း**

ဘုရားရှင်အား ဆွမ်းတော်တင်လှူခြင်း၊သံဃာတော်များကိုဆွမ်းကပ်ခြင်း၊ရပ်နီးရပ်ဝေးမိတ်ဆွေများကို ပင့်ဖိတ်၍လှူဒါန်းခြင်းများပြုလုပ်သည်။ ရင်းရင်းနှီးနှီး အတူတကွစားသောက်ခြင်းများ ပြုလုပ်ကြသည်။

**(၈)နှစ်သစ်လက်ဆောင်ပေးပို့ခြင်း**

နှစ်သစ်တွင် အမှတ်တရဖြစ်စေရန်အတွက် တစ်ဦးကိုတစ်ဦး လက်ဆောင်ပေးခြင်း၊ ရပ်ဝေးမိတ်ဆွေများထံ နှစ်သစ်ဆုတောင်းသဝဏ်လွှာပေးပို့ခြင်း လက်ဆောင်ပေးပို့ခြင်းများဖြစ်သည်။

**(၉)နှစ်သစ်အားကစားပွဲကျင်းပခြင်း**

နတ်တော်လသည် ဆောင်းရာသီဖြစ်သဖြင့် အားကစားပြိုင်ပွဲများအတွက် အထူးသင့်လျော်သောကာလဖြစ်သည်။ ထို့ကြောင့်နှစ်သစ်ကူးပွဲတွင်ကိုယ်ကာယလှုပ်ရှားသည့် အားကစားအမျိုးမျိုးယှဉ်ပြိုင်ခြင်း၊စကားရည်လုပွဲကျင်းပခြင်း၊ စာပေပြိုင်ပွဲကျင်းပခြင်းများပြုလုပ်ကြသည်။(ရှေးအခါကသိုင်းပြိုင်ပွဲများပြုလုပ်ပြီး အစွမ်းထက်သည့်ပုဂ္ဂိုလ်များကို ရှင်ဘုရင်က သူ့ရဲကောင်းဘွဲ့ချီးမြှင့်ပြီး စစ်ရာထူးတိုးမြှင့်ပေးခဲ့

သည်။အသက်ကြီးသောပုဂ္ဂိုလ်တို့သည် တရားစာများ နာယူခြင်း၊ရှေးသမိုင်းကြောင်းများကို ပြောကြားခြင်း၊ လူပျိုအပျိုများက စကားရည်လုခြင်းပြုလုပ်သည်။ စကားရည်လုသော အပျိုတော်သည် သိန္နီအပျိုတော်သာ အမည်ခံရပြီး လူပျိုတော်ကား မည်သည့်နိုင်ငံလူပျိုတော်ဖြစ်ဖြစ် အမည်ခံနိုင်သည်။တစ်ဖွဲ့တစ်ဖွဲ့ကို ၁၂ ယောက်စီပါဝင်သဖြင့် ရှမ်းအခေါ် "လိုင်းလင်မော့ဆစ်ဆောင်(ခေါ်) မြင်း ၁၂ ကောင်ကစားနည်းဟု ခေါ်သည်။ စကားထာစကားဝှက် ကစားနည်းဖြစ်သဖြင့် ရှမ်းစကားဝေါဟာရ တိုးပွားရေးအတွက် များစွာအထောက်အကူပြုသည်။

# တောင်ရိုးအမျိုးသားနေ့ဖြစ်ပေါ်လာပုံနှင့် တောင်ရိုးတိုင်းရင်းသားရိုးရာ ယဉ်ကျေးမှုစုံညီပွဲတော်

အမျိုးသားနေ့ဟူသည် သက်ဆိုင်ရာနိုင်ငံတိုင်း လူမျိုးတိုင်းအတွက်ထူးခြား၍ ဂုဏ်အမျိုးမျိုးတို့နှင့် ပြည့်စုံသော နေ့ထူးနေ့မြတ်တစ်နေ့ပင် ဖြစ်ပါသည်။ တစ်နည်းအားဖြင့်ဆိုရသော် အမျိုးသားနေ့ဟူသည် သက်ဆိုင်ရာနိုင်ငံအလိုက် လူမျိုးအလိုက်အမျိုးသား ရေးအားမာန်များ၊ ဇာတိမာန်များ၊ အမျိုးသားရေးစိတ် ဓာတ်များရှင်သန်ထက်မြက်ရေးနှင့် မိမိတို့နိုင်ငံနှင့် လူမျိုးကိုချစ်မြတ်နိုးသောစိတ်ဓာတ်များ ကိန်းဝပ်လာ စေရေးအတွက်နိုင်ငံတိုင်း၊ လူမျိုးတိုင်းအတွက် အရေး ကြီးသောနေ့တစ်နေ့ဖြစ်ပါသည်။ တောင်ရိုးတိုင်းရင်း သားများသည်မိမိတို့၏ ပျောက်ကွယ်လုနီးပါးဖြစ်နေ သည့်ရိုးရာယဉ်ကျေးမှုများ၊ ဓလေ့ထုံးတမ်းအစဉ်အ လာများ၊ ဘာသာစကားများ၊ စာပေများ၊ အဝတ် အစားများစသည့် ယဉ်ကျေးမှုအမွေအနှစ်များမ ပျောက်ပျက်စေရန်နှင့် ပြန်လည်ဖော်ထုတ် ထိန်းသိမ်း မြှင့်တင်ရန် ၁၃၇၁ ခုနှစ်၊ သီတင်းကျွတ်လဆန်း (၁၁)ရက်၊(၂၉-၈-၂၀၀၉)အင်္ဂါနေ့တွင် တောင်ရိုးစာပေ နှင့်ယဉ်ကျေးမှုအသင်း(ဗဟို)အဖွဲ့ချုပ်ကိုရှမ်းပြည်နယ်





တောင်ပိုင်း၊ တောင်ကြီးခရိုင်၊ ပင်လောင်းမြို့နယ်၊ တီကျစ်ကျေးရွာအုပ်စု၊ ဆည်ခေါင်းကျေးရွာရှိ ဦးလွန်းကျော်၏နေအိမ်တွင် ဒေသအတွင်းရှိ တောင်ရိုးတိုင်းရင်းသားခေါင်းဆောင်များက ဦးဆောင်ဖွဲ့စည်းခဲ့ကြသည်။ တောင်ရိုးအမျိုးသားတစ်ရပ်လုံး၏ ခေါင်းဆောင်မှာ ဦးသောင်းရွှေဖြစ်သည်။ထိုသို့ တောင်ရိုးစာပေနှင့်ယဉ်ကျေးမှုအသင်း(ဗဟို)အဖွဲ့ချုပ်ကို ဖွဲ့စည်းပြီးနောက်အစည်းအဝေး၏ ဆုံးဖြတ်ချက်အရ တပေါင်းလဆန်း(၃)ရက်နေ့ကို တောင်ရိုးအမျိုးသားနေ့အဖြစ် အတည်ပြုသတ်မှတ်ခဲ့ကြသည်။

တောင်ရိုးစာပေနှင့်ယဉ်ကျေးမှုအသင်း(ဗဟို)မှဦးဆောင်ကာဒေသအသီးသီးတွင်နေထိုင်ကြကုန် သောတောင်ရိုးတိုင်းရင်းသားများ၏ ရိုးရာဓလေ့ထုံးတမ်းအစဉ်အလာများကို ဖော်ထုတ်ထိန်းသိမ်းမြှင့်တင်ရန်၊ မပျောက်ပျက်စေရန်၊ ပညာရေး၊ လူမှုရေး၊စီးပွားရေးစသည်တို့ ဘက်စုံဖွံ့ဖြိုးတိုးတက်စေရန်နှင့်တောင်ရိုးအမျိုးသားတစ်ရပ်လုံး နှစ်စဉ်စုစည်းမိကာ စည်းလုံးညီညွတ်မှုရှိစေရန်ရည်ရွယ်၍ ရှမ်းပြည်တောင်ပိုင်း၊ တောင်ကြီးခရိုင်၊ ပင်လောင်းမြို့နယ်၊ တီကျစ်ကျေးရွာ





အုပ်စု၊ဆည်ခေါင်းကျေးရွာတွင်၁၃၇၁ ခုနှစ်၊ သီတင်းကျွတ်လဆန်း(၃)ရက်၊ (၁၅-၂-၂၀၀၀)တနင်္လာနေ့တွင် ပထမအကြိမ်အဖြစ် တောင်ရိုးအမျိုးသားနေ့ တောင်ရိုးတိုင်းရင်းသားရိုးရာ ယဉ်ကျေးမှုစုံညီပွဲတော်ကို ကျင်းပပြုလုပ်ခဲ့ကြသည်။ ယခုအခါ တောင်ရိုးအမျိုးသားနေ့တောင်ရိုးတိုင်းရင်းသားရိုးရာ ယဉ်ကျေးမှုစုံညီပွဲတော်ကို ကျင်းပလာခဲ့ကြသည်မှာ (၁၀) ကြိမ်မြောက်ရှိခဲ့ပြီဖြစ်သည်။ ကျင်းပခဲ့သည့် ဒေသများမှာ ရှမ်းပြည်တောင်ပိုင်း၊ တောင်ကြီးခရိုင်၊ ပင်လောင်းမြို့နယ်၊တီကျစ်ကျေးရွာအုပ်စု၊ ဆည်ခေါင်းကျေးရွာတွင် (၄)ကြိမ်၊ကလောမြို့နယ်၊ ဘော်နင်းကျေးရွာအုပ်စု၊ ဘော်နင်းကျေးရွာတွင် (၂)ကြိမ်၊ ပင်လောင်းမြို့နယ်၊ ဘမ်းပြင်ကျေးရွာအုပ်စု၊ နောင်မူကျေးရွာတွင်(၂)ကြိမ်နှင့်ပင်းတယမြို့နယ်၊ ကျားကုန်းကျေးရွာအုပ်စု၊ တည်ပင်ရွာတွင်(၂)ကြိမ်တို့ဖြစ်သည်။

ယင်းတောင်ရိုးအမျိုးသားနေ့ တောင်ရိုးတိုင်းရင်းသားရိုးရာယဉ်ကျေးမှု စုံညီပွဲတော်တွင် သာသနာတော်ဆိုင်ရာ၊ ပရိယတ္တိစာမေးပွဲဆိုင်ရာဘွဲ့တံဆိပ်တော်များကိုလည်းဆွတ်ခူးတော်မူခဲ့ကြသည့် သာသနာ့အာဇာနည် တောင်ရိုးတိုင်းရင်းသား သံဃာတော်


တောင်ရိုးအမျိုးသားနေ့
Taung Yoe National Day


တောင်ရိုးအမျိုးသားနေ့
Taung Yoe National Day

များကိုဂုဏ်ပြုပူဇော်ခြင်း၊ ပွဲတော်သို့ကြွရောက်လာသမျှသော သံဃာတော်အရှင်မြတ်များအား ဆွမ်းစသည်ဖြင့် ဆက်ကပ်လှူဒါန်းခြင်း ၊သံဃာတော်အရှင်မြတ်တို့၏ဩဝါဒစကားနာကြားခြင်း၊သရဏဂုံသီလဆောက်တည်ခြင်း၊ ပရိတ်တရားတော်များနာကြားခြင်း၊ ကုသိုလ်ကောင်းမှုများကိုပြုလုပ်၍ ပြုသမျှကုသိုလ်အစုစုတို့၏ အဖို့ဘာဂကို ရေစက်သွန်းချအမျှပေးဝေကြသည်။

ယင်းတောင်ရိုးအမျိုးသားနေ့ပွဲတော်သို့ ရှမ်းပြည်နယ်အစိုးရအဖွဲ့မှဖိတ်ကြားထားသော ဧည့်သည်တော်များ၊ ညီနောင်တိုင်းရင်းသားခေါင်းဆောင်များ၊ အနယ်နယ်အရပ်ရပ်ဒေသအသီးသီးရှိတောင်ရိုးစာပေနှင့်ယဉ်ကျေးမှုအဖွဲ့များ တက်ရောက်ကြလျှက်ဧည့်သည်တော်များအားဧည့်ခံကျွေးမွေးကြသည်။ ယဉ်ကျေးမှုအဖွဲ့အသီးသီးတို့က အကပဒေသာတို့ဖြင့် ကပြဖြေဖျော်ကြသည်။ ယင်းတောင်ရိုးအမျိုးသားနေ့တောင်ရိုးတိုင်းရင်းသားရိုးရာ ယဉ်ကျေးမှုစုံညီပွဲတော်သို့မိမိတို့တောင်ရိုးကျေးရွာများရှိ ယဉ်ကျေးမှုအကအဖွဲ့များက မိမိတို့၏ယဉ်ကျေးမှုများကို လာရောက်ကပြဖျော်ဖြေလျက်ဖော်ထုတ်ကြသည်။ ဤသို့ တောင်

ရိုးအမျိုးသားနေ့တွင် တောင်ရိုးတိုင်းရင်းသားရိုးရာစုံညီပွဲတော်ကိုကျင်းပရသဖြင့် မိမိတို့၏ ပျောက်ကွယ်လုနီးပါးဖြစ်နေသော ရိုးရာယဉ်ကျေးမှုဓလေ့ထုံးစံများ၊ ရိုးရာတေးသီချင်းများ၊ ရိုးရာဝတ်စုံများ၊ ရိုးရာအကများ၊ အနုရိုးများ၊ မော်များ၊ ရတုများ၊ သံချပ်များစသည်တို့ ပြန်လည်ပေါ်ထွက်လာနိုင်ခဲ့သည်။ ဒေသအသီးသီးမှ တောင်ရိုးတိုင်းရင်းသားညီအစ်ကိုမောင်နှမများ တစ်ဦးနှင့်တစ်ဦးအပြန်အလှန် ချစ်ခင်ကြလျက် တောင်ရိုးတိုင်းရင်းသားထုတစ်ရပ်လုံးစည်းလုံးညီညွတ်မှုကို ရရှိစေခဲ့ပါသည်။

## မွန်အမျိုးသားနေ့

လူသားတိုင်းတွင် အမှတ်တရကိုယ်စီကိုယ်စီ ရှိကြသည်။ အမှတ်တရဖြစ်ခဲ့သောနေ့ရက်ကို အမှတ်တရအဖြစ်မမေ့နိုင်ဘဲ ဖြစ်ကြရသကဲ့သို့ အမှတ်တရဖြစ်အောင်ကြိုးစားခဲ့သောနေ့ရက်နှင့် ကြိုးစားခဲ့ချိန်တွင်အားပေးခဲ့သော မိတ်ဆွေများကို အမှတ်ရနေတတ်ကြသည်။ လူမျိုးတိုင်း လူမျိုးတိုင်းတွင်လည်း ထိုသို့အမှတ်တရများရှိနိုင်သလိုတိုင်းရင်းသားတိုင်းလို အမျိုးသားနေ့ရှိကြသည်။ထိုသို့သောတိုင်းရင်းသားများထဲတွင်မွန်တိုင်းရင်းသားလည်း အပါအဝင်ဖြစ်သည်။

ဒီဇင်ဘာလနံနက်ခင်း ဆောင်းနှင်းစက်များ ကြွေဆင်းသည့် အချိန်အခါသမယ မင်္ဂလာအပေါင်းနှင့်ခညောင်းပြည့်စုံနေမည့် ၁၃၈၁ခုနှစ် နတ်တော်လဆန်း ၈ရက်(၂၀၁၉ ခုနှစ် ဒီဇင်ဘာ ၄ ရက်)တွင် မွန်တိုင်းရင်းသားများနေထိုင်ရာ နှောင်ချိုဒေသတွင် ဒုတိယအကြိမ်မြောက် မွန်အမျိုးသားနေ့ကို ကျင်းပခဲ့ကြသည်။

ကျွန်ုပ်တို့ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်သည်တိုင်းရင်းသားမျိုးနွယ်စုကြီးများဖြစ်သောကချင်၊ ကယား၊ကရင်၊ချင်း၊ဗမာ၊မွန်၊ရခိုင်၊ရှမ်းတို့၏ ပေါင်း

စည်းသောအားဖြင့် တည်ထောင်ထားသော ပြည်ထောင်စုတစ်ခုဖြစ်သည်ကို မြန်မာလူမျိုးသာမက ကမ္ဘာကပါသိကြသည်။ ထိုသို့တိုင်းရင်းသားမျိုးနွယ်စုကြီးများကိုလေ့လာကြည့်မည်ဆိုလျှင် တိုင်းရင်းသားပေါင်း ၁၃၅ မျိုးရှိသည့်အနက် မြန်မာနိုင်ငံတွင် လူဦးရေအများဆုံးနံပါတ်(၁၀) စာရင်းဝင်ပြီး ရှမ်းပြည်နယ်တွင် လူဦးရေအများဆုံးစာရင်းတွင် နံပါတ်(၄)နေရာ၌ရှိသည့်“ဓနု”တိုင်းရင်းသားများကိုသိကြပါလိမ့်မည်။

“ဓနုတိုင်းရင်းသား” ဟူသည် “လေးအတတ်ကိုတစ်ဖက်ကမ်းခပ်တတ်မြောက်သောလူမျိုး”ဟုသမိုင်းတွင်လေသည်။

ဓနုတိုင်းရင်းသားတို့သည်တိဗက် မြန်မာအုပ်စုမှဝင်ရောက်လာသည့်လူမျိုးများဖြစ်သည်။ ဓနုလူမျိုးများသည်မြန်မာပြည်အရှေ့ခြမ်းနှင့် ရှမ်းပြည်နယ်အနောက်ခြမ်း အကြားတွင်ရှိသော တောင်မြောက်သွယ်တန်းနေသည့် ရှမ်းမြေလတ်တစ်ကြောတွင်ရှေးယခင်ကတည်းက နေထိုင်ခဲ့ခြင်းဖြစ်သည်။ ဓနုလူမျိုးသည်စိုက်ပျိုးရေးဖြင့် အသက်မွေးသောလူမျိုးများဖြစ်သည်။

ဓနုလူမျိုးတို့၏ သမိုင်းစာမျက်နှာများကို ပြန်






D/mai than myint

လှန်ကြည့်မည်ဆိုလျှင် များစွာသောအကြောင်းကိစ္စများကိုခိုင်မာသောအထောက်အထားများဖြင့် တွေ့မြင်နိုင်သော်လည်း ၂၀၁၀ ပြည့်နှစ် ဩဂုတ်လ ၂၀ ရက်နေ့(မြန်မာသက္ကရာဇ်၁၃၇၂ခုနှစ် ဝါခေါင်လဆန်း ၁၀ရက်နေ့)တွင်ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ စာအမှတ်(၃၃/၂၀၁၀)ဖြင့် ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသအဖြစ်အသိအမှတ်ပြုပြီးသည့် နောက်ပိုင်းသို့ရောက်သော်ဓနုလူမျိုးတို့သည် မိမိတို့၏ရိုးရာယဉ်ကျေးမှုနှင့်တိုင်းရင်းသားအရေး၌ များစွာသောလိုအပ်ချက်များရှိနေသည်ကိုတွေ့ရသဖြင့် စည်းလုံးညီညွတ်သောလူမျိုးစု ဖြစ်လာနိုင်ရေးအတွက် ၂၀၁၇ ခုနှစ် နိုဝင်ဘာလ ၂၆နှင့်၂၇ရက် (မြန်မာသက္ကရာဇ် ၁၃၇၉ ခုနှစ် နတ်တော် လဆန်း ၈၊၉ ရက်)တို့တွင် ပင်းတယမြို့ရှိ ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသခန်းမ၌ ဓနုအမျိုးသားညီလာခံကို ကျင်းပနိုင်ခဲ့သည်။

ဓနုတိုင်းရင်းသားတို့သည် ညီလာခံကို ကျင်းပရာတွင် (၁)ဓနုတစ်မျိုးသားလုံးလွှမ်းခြုံနိုင်သော ဦးဆောင်အဖွဲ့၊ (၂)ဓနုအမျိုးသားနေ့၊ (၃)ဓနုအမျိုးသား





အလံ၊(၄)ခနေအမျိုးသားသီချင်းနှင့်(၅)ခနေအမျိုးသားအမျိုးသမီးတို့၏ပွဲတက်ဝတ်စုံများ ပေါ်ပေါက်လာနိုင်စေရန်ဟူသော မူငါးချက်ဖြင့် ကျင်းပနိုင်ရန်အများသဘောတူဆုံးဖြတ်ခဲ့ကြသည်။ ထိုညီလာခံကို ကျင်းပရာတွင်လည်း ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ရှမ်းပြည်နယ် မြေလတ်ဒေသ တစ်ဆက်တည်းဖြစ်သောပင်းတယမြို့နယ်၊ ရွာငံမြို့နယ်၊ ကလောမြို့နယ်၊ နောင်ချိုမြို့နယ်၊ ရပ်စောက်မြို့နယ်များနှင့် ရန်ကုန်၊ မန္တလေးအစရှိသောမြို့ကြီးများအပါအဝင်တောင်ကြီးမြို့နယ်၊ကျောက်မဲမြို့နယ်၊ ပြင်ဦးလွင်မြို့နယ်၊ မိုးကုတ်မြို့နယ်၊သာစည်မြို့နယ်၊ပင်လောင်းမြို့နယ်အတွင်းပျံ့နှံ့နေထိုင်လျက်ရှိသောဓနုတိုင်းရင်းသားများအတွက်သမိုင်း စာမျက်နှာသစ်ဖွင့်လှစ်ခြင်း ဖြစ်သည့်ပထမအကြိမ်ဓနုအမျိုးသားညီလာခံကျင်းပသည့်အခမ်းအနားသို့ဖိတ် ကြားခဲ့သည်။

ထိုသို့ ညီလာခံကျင်းပရာတွင် ပင်းတယ၊ ရွာငံ၊ ကလော၊ရပ်စောက်၊နောင်ချို စသည့်မြို့နယ်များမှတစ်မြို့နယ်တွင် ၁၂၅ဦးစီ၊ရန်ကုန်၊ကျောက်မဲ၊ နောင်ချိုမြို့ စသည့် သုံးမြို့နယ်ပေါင်း ကိုယ်စားလှယ် ၁၂၅ ဦးနှင့်






D/mai than myint

ဆက်စပ်ဒေသများမှ ကိုယ်စားလှယ် ၅၀ စသည်ဖြင့် မဲပေးပိုင်ခွင့် ၈၀၀ ပါဝင်မဲပေးဆုံးဖြတ်ခဲ့ကြသည်။

မူငါးချက်အနက် (၁) ဓနုတစ်မျိုးသားလုံးလွှမ်းခြုံနိုင်သောဦးဆောင်အဖွဲ့ကို "ဓနုတိုင်းရင်းသားရေးရာအဖွဲ့ချုပ်"အဖြစ်သတ်မှတ်နိုင်ခဲ့ပြီး (၂) ဓနုအမျိုးသားနေ့ကိုဆန္ဒမဲ ၃၁၆ မဲဖြင့်မဲအများဆုံးရရှိခဲ့သည်။ ဓနုအများသားနေ့ကို ပင်းတယနှင့်ရွာငံမြို့နယ်မှ တင်သွင်းသည့်ပထမအကြိမ် ဓနုအမျိုးသားညီလာခံကျင်းပသောနေ့ဖြစ်သည့် နတ်တော်လ ဆန်း ၈ ရက်နေ့ကို အတည်ပြုသတ်မှတ်ခဲ့ကြသည်။ (၃) ဓနုအမျိုးသားအလံကို "တည်ကြည်ခြင်း၊ ငြိမ်းချမ်း ခြင်းအဓိပ္ပာယ်ကိုရည်ညွှန်းပြီး ကောင်းကင်ကိုယ် စားပြုကာမြင့်မားစွာ ရပ်တည်နေသောသဘောကို ရည်ညွှန်းသည့်အပြာရောင်၊ သာသနာရောင်ဝါလွှမ်း ခြုံ၍ထွန်းလင်းပြန့်ပွားခြင်းကို ရည်ညွှန်းသည့် အဝါရောင်၊ တိုင်းပြည်၏ အသက်သွေးကြောဖြစ်သည့်လယ်ယာစိုက်ပျိုးရေးလုပ်ငန်းများကို ရိုးသားကြိုးစားစွာ လုပ်ကိုင်စားသောက်ပြီးအစဉ် စိမ်းလန်းစိုပြည်လျက်ရှိသောဒေသအဖြစ် ရည်ညွှန်းသော အစိမ်းရောင်၊ အထက်ကောင်းကင်ယံတွင် မြင့်မားစွာဖြင့်ရပ်တည်

ပြီး ရဲရင့်ပြတ်သားသောသဘောကို ရည်ညွှန်းသည့် ကြယ်နီ၊ ဖြူစင်သန့်ရှင်းသော ပင်ကိုစိတ်ထားများကို ရည်ညွှန်းသည့်အဖြူရောင်၊ အရပ်ရှစ်မျက်နှာသို့မိမိတို့ လူမျိုးများ၏ကောင်းသော၊ ကြီးမြတ်သော ဂုဏ်သတင်း များကိုညွှန်ပြနေသည်ဟူသော ရှစ်မြောင့်ကြယ်တို့ဖြင့် ဖော်ကျူးထားသည့် ရပ်စောက်မြို့မှ တင်သွင်းသော အလံကိုဆန္ဒမဲ ၃၀၇ မဲ”ဖြင့် အရွေးချယ်ခံရပြီး(၄)ခနေ အမျိုးသားအလံတင်သီချင်းကို “တေးရေးကမ္ဘောဇ ခွန်နောင်(နောင်ချို)ရေးသားပြီးတေးဆိုကမ္ဘောဇ(ခ) ချစ်သွေးသီဆိုထားသည့်သီချင်းကဆန္ဒမဲ၂၄၆မဲရရှိကာ နောင်ချိုမြို့နယ်”မှရွေးချယ်ခံရသည်။(၅)ခနေအမျိုးသား ပွဲတက်ဝတ်စုံကို ပင်းတယမှတင်သွင်းသော အမျိုးသား ဝတ်စုံသည်၁၇၅မဲနှင့် အမျိုးသမီးဝတ်စုံကို ရပ်စောက် နှင့်ကလောမြို့များမှ တင်သွင်းသော အမျိုးသမီး ဝတ်စုံအား၂၄၇မဲ”ဖြင့်ရွေးချယ်ခဲ့ကြသည်။ ထိုသို့ဖြင့် ဒီမိုကရေစီ နည်းလမ်းကျသည့် ဆန္ဒမဲပေး စနစ်ဖြင့် ကိုယ်စားလှယ်၈၀၀တို့မှမဲခွဲဆုံးဖြတ်ခဲ့ကြသည်။ထိုညီ လာခံသည် နေရာဒေသအသီးသီးမှ ကိုယ်စားလှယ် များ၊ ဧည့်သည်တော်များနှင့် လေ့လာသူများ လူဦးရေ စုစုပေါင်း ၁၅၀၀ ကျော် တက်ရောက်ခဲ့




ပထမအကြိမ်ဓနုအမျိုးသားနေ့အခမ်းအနား
နတ်တော်လဆန်း (၈) ရက်

သည့်ခနေအမျိုးသားတို့၏ သမိုင်းသစ်ရေးထိုးသောနေ့ ဖြစ်ခဲ့သည်။ထိုနေ့ကိုခနေတိုင်းရင်းသားတို့၏အမျိုးသား နေ့အဖြစ် သတ်မှတ်အတည်ပြုခဲ့သည်မှာ မြန်မာတစ် နိုင်ငံလုံးကအသိဖြစ်သည်။

ခနေလူမျိုးများ၏ ဓလေ့ထုံးတမ်းအစဉ်အလာ အရ ပွဲများကျင်းပသည့်အခါတွင်ဖြစ်စေ၊ လုပ်ငန်းများ လုပ်ကိုင်စားသောက်ရာတွင်ဖြစ်စေ "လက်စားလျှို လက်စားဆပ်"ဟူသောဓလေ့ရှိရာ ခနေအမျိုးသားနေ့ ကိုကျင်းပရာတွင်လည်းတစ်မြို့နယ်တည်း တစိုက် မတ်မတ်ဖြင့် ကျင်းပခြင်းမဟုတ်ဘဲ မြို့နယ်အလိုက် အလှည့်ကျစနစ်ဖြင့်ကျင်းပကြသည်။ ပထမဦးဆုံးအ ကြိမ်ကျရောက်သောခနေအမျိုးသားနေ့ကို ခနေကိုယ် ပိုင်အုပ်ချုပ်ခွင့်ရဒေသ ရှားငံမြို့နယ် ရွှေပွင့်လင်းဘု ရားဝင်းအတွင်းတွင်တက်ရောက်သူပေါင်းနှစ်သောင်း ကျော်ဖြင့် ကျင်းပခဲ့ခြင်းဖြစ်ပြီး ၁၃၈၁ခုနှစ် နတ် တော်လဆန်း(၈)ရက်တွင် ဒုတိယအကြိမ်မြောက် ခနေ အမျိုးသားနေ့ကို ရှမ်းပြည်နယ်(မြောက်ပိုင်း) နောင်ချို မြို့တွင်ကျင်းပသွားမည်ဖြစ်သည်။ ပွဲတော်ကျင်းပရာ တွင် ယခင်နှစ်များတွင် ထည့်သွင်းကျင်းပခဲ့သော ခနေ ရိုးရာအကအလှပြိုင်ပွဲများ၊ ခနေရိုးရာသံချပ်ထိုးပြိုင်ပွဲ

များ၊ ဓနုရိုးရာဟင်းချက်ပြိုင်ပွဲများက ကိုအဓိကထား ထည့်သွင်းကျင်းပသွားမည်ဖြစ်သည်။ ထိုသို့ကျင်းပရာ တွင် မိမိတို့အမျိုးသားရေးကို ဓနုတိုင်းရင်းသားများ အားလုံးလေးလေးနက်နက် တန်ဖိုးထားတတ်လာ စေရန်၊ ဝတ်စားဆင်ယင်မှုများပိုမိုတွင်ကျယ်လာစေ ရန်၊ မိမိတို့၏ရိုးရာအကအလှနှင့်ယဉ်ကျေးမှုများကို လက်ဆင့်ကမ်းထိန်းသိမ်းတတ်လာစေရန်၊ မိမိတို့ တိုင်းရင်းသားများ၏ သမိုင်းကြောင်းနှင့်မိမိတို့လူမျိုး များအတွက် ကြိုးစားခဲ့ကြသောခေါင်းဆောင်များကို အောက်မေ့သတိရစေရန်နှင့် ခေါင်းဆောင်များ၏ စိတ်ဓာတ်ကဲ့သို့မိမိအမျိုး ကိုချစ်တတ်သော ဓနုတိုင်း ရင်းသားလူငယ်များပေါ်ပေါက်လာစေရန် အတွက်ဓနု အမျိုးသားနေ့အခမ်းအနားကို ကျင်းပခြင်းဖြစ်သည်။

ရိုးသားဖော်ရွေပြီး ချစ်စရာဓလေ့များနှင့် နှစ် တစ်နှစ်၏ဆောင်းငွေ့ကို စတင်ရှူရှိုက်၊ ဆောင်းရိပ်ကို ခိုလုံတော့မည့် အချိန်ရာသီအခါသမယ မင်္ဂလာ အပေါင်းနှင့်ပြည့်စုံသော ဓနုတိုင်းရင်းသားတို့၏နေ့ ထူးနေ့မြတ်ဖြစ်သည့် ဓနုအမျိုးသားနေ့ကို ဖူးတံငုံစ ချယ်ရီရနံ့များနှင့် အရပ်ရှစ်မျက်နှာတခွင်သို့ လွင့်ပျံ့ နေမည့်ဓနုတို့၏ အိုးစည်၊ဗုံ၊ မောင်း၊ လင်ကွင်း၊ ဝါး

လက်ခုပ်သံများကို သာယာနာပျော်ဖွယ် တီးကာ ဖြင့်ကမ္ဘာတည်သရွေ့ မြန်မာပြည်ရှိရမည်။ မြန်မာ ပြည်ရှိသရွေ့ ဓနုတိုင်းရင်းသားများစည်းလုံးညီညွတ် သောအင်အားဖြင့် ခိုင်မာသောတိုင်းရင်းသားအုတ် မြစ်ကိုထူထောင်နိုင်ပါစေလို့ ဆုမွန်ကောင်းတောင်း ရင်းမြန်မာနိုင်ငံတွင်း မှီတင်းနေထိုင်ကြသော ရပ်ဝေး ရပ်နီးမှမိတ်ဆွေအပေါင်းကို ချစ်စဖွယ်အလှများနှင့် သာယာလွန်းသည့် ရှမ်းမြေလတ်သို့ အလည်လှမ်းခဲ့ ဖို့ဖိတ်ခေါ်ပါသည်။ ဓနုတိုင်းရင်းသားများ အားလုံး စည်းလုံးညီညွတ်သော အင်အားဖြင့် ပြည်ထောင်စု စိတ်ဓာတ်များဆက်လက်ရှင်သန်နိုင်ရေးအတွက် “ဓနု အမျိုးသား နေ့” ကိုကျင်းပကြရပါသည်။

## မှီငြမ်းကိုးကားချက်များ

(၁) မနုမနောတိုင်းရင်းသားရိုးရာယဉ်ကျေးမှုခလေ့ထုံးတမ်းများ၊ မနုဿဗေဒဌာန၊ ပြည်ထောင်စုတိုင်းရင်းသားလူငယ်များစွမ်းရည်ဖွံ့ဖြိုးရေးဒီဂရီကောလိပ်၊ ရန်ကုန်မှပြုစု၍ ကယားပြည်နယ်ညွှန်ကြားရေးမှူးရုံးမှပေးပို့သည်။

(၂) မိဘအမွေစာအုပ်( ခူးလှချေး၊ ကြယ်ဖိုးကြီး )မှကောက်နှုတ်ဖော်ပြသည်။

(၃) လင်းနေ(နမော)၏ “ဤခရီးမနီးပါနှင့်မြင်တွေ့ခဲ့ရသည့်ရိုးရာခလေ့များ” စာအုပ်မှ ကောက်နှုတ်ဖော်ပြသည်။

(၄) ပြုစုရေးသားသူ ဦးထန်ကမ်းလျံ(ဒု-ဦးစီးမှူး)၊ တိုင်းရင်းသားစာပေနှင့်ယဉ်ကျေးမှုဦးစီးဌာန၊ ချင်းပြည်နယ်ညွှန်ကြားရေးမှူးရုံးမှပေးပို့သည်။

(၅) ထားဝယ်လူမျိုးစုစည်းမှုကော်မတီ၊ ထားဝယ်အမျိုးသားညီလာခံမှတ်တမ်းမှ ကောက်နှုတ်ဖော်ပြသည်။

(၆) တနင်္သာရီဒေသကြီး၏ဒြပ်မဲ့ယဉ်ကျေးမှု ထိန်းသိမ်းမြှင့်တင်ရေးကော်မတီများ ကွင်းဆင်းခြင်းအစီရင်ခံစာမှ ကောက်နုတ်တင်ပြသည်။

(၇) ဘဒ္ဒန္တ-သီလဝံသ(မင်းရွှေငို)ရေးသားသည့် ဓမ္မဒေသနာကျမ်း မွန်ဘာသာမှ ပြန်ဆိုရေးသားသည်။

(၈) အဖိုးဇံ(စစ်တွေ)၊ ဆောင်းပါးရှင်ဦးကျော်ဇံမောင်(ဥက္ကဌ)၊သာကီမဏ္ဍိုင်ယဉ်ကျေးမှုအဖွဲ့၊စစ်တွေမြို့မှပြုစု၍ရခိုင်ပြည်နယ်ညွှန်ကြားရေးမှူးရုံး မှပေးပို့သည်။

(၉) တက္ကသိုလမဟာစရိယကျမ်းပြု ဦးသုခမန္ဒ၏ ရှမ်းတိုင်းရင်းသားများ၏ ယုံကြည်ကိုးကွယ်မှုနှင့် ဓလေ့ ထုံးစံများစာအုပ်မှ ကူးယူဖော်ပြသည်။

(၁၀) ဦးကျော်လှ(အတွင်းရေးမှူး)၊ တောင်ရိုးစာပေနှင့်ယဉ်ကျေးမှုအသင်း(ဗဟို)၊ အောင်ပန်းမြို့မှပေးပို့သည်။

(၁၁) ၁၆-၁၁-၂၀၁၉ နေ့ထုတ် ကြေးမုံအထူးကဏ္ဍမှ ကောက်နုတ်ဖော်ပြသည်။

# ရခိုင်ဌာနေတိုင်းရင်းသား သက္ကမ(ဒိုင်းနက်) လူမျိုးတို့၏အမျိုးသားနေ့

ရခိုင်ဒေသမှ သက္ကမ(ဒိုင်းနက်) လူမျိုးတို့သည် လူသား တို့၏လူ့အခွင့်အရေးကို တန်းတူညီမျှခံစား နေသည့်လူမျိုးတစ်မျိုးဖြစ်လေရာ မိမိလူမျိုးတို့၏အ မျိုးသားရေးစရိုက်လက္ခဏာနှင့်အမျိုးဂုဏ်၊ ဇာတိ ဂုဏ်တို့အားအနာဂတ်တွင် ဖွံ့ဖြိုးပီပြင်စွာအကောင် အထည်ဖော်စေနိုင်မည့် အမျိုးသားနေ့ကို ယခုအခါ သတ်

မှတ်ကျင်းပလာခဲ့ကြောင်းတွေ့ရပေမည်။နှစ်စဉ်ဇန်န ဝါရီလ(၇)ရက်တွင်ကျင်းပလျက်ရှိကြောင်းတွေ့ ရပေ၏။

သက္ကမ(ဒိုင်းနက်)အမျိုးသားနေ့သည် အေဒီ-၁၃၃၃ ခုနှစ်တွင်အရှေ့သက်တို့ ရခိုင်ဘုရင်မင်းထီး ပိုင်နက်ဖြစ်သောတောင်စဉ်ကျေးရွာများကို ထိပါး လာသဖြင့် အရှေ့သက်တို့ကိုအုပ်ချုပ်သော သက်မင်း ရှင်စောအုပ်စိုးရာသရက်မြို့ကိုဘုရင်မင်းထီးက တိုက် ခိုက်သိမ်းပိုက်ခဲ့သည်။ ထိုစဉ် အရှေ့သက်အိမ်ထောင်

စုတစ်သောင်းခေါ်ယူခဲ့၍ အမ်းချောင်း၊ ရှူးချောင်းများ တွင် ရပ်ရွာတည်ထောင်ထားချထားလေ၏။ ယင်း အရှေ့သက်များကို ဘုရင်မင်းထီးက ဒိုင်းနက်ငွေခွန် ဖွဲ့စည်း၍ ဒိုင်ခွန်ငွေများစည်းကြပ်ကောက်ခံစေခဲ့ သည်။

ဤသို့ ဒိုင်ခွန်စည်းကြပ်ကောက်ခံရာမှ ဒိုင်း အတတ်ပညာများကျွမ်းကျင်စွာ တတ်မြောက်လာခဲ့ရ မှုကို အကြောင်းပြု၍ ဒိုင်တတ်မှဒိုင်းနက်ဟုခေါ်တွင် ခံခဲ့မှုမှသည် နောင်တွင် ဒိုင်းနက်သူရဲတပ်ဖွဲ့တစ်စု အသွင်ထိဖွဲ့စည်းခံခဲ့ရသည်။ ဤအချက်ကို မင်းဘာဘု ရင်ကြီး၏တပ်မတော်မှာ လက်ဝဲသင်းကိုယ်ရံတော် သုံးသောင်း၊လက်ယာရံကိုယ်ရံတော်သုံးသောင်း၊ ဒိုင်း နက်သူရဲ တစ်သောင်းဟုဖော်ပြပါရှိသည်။

ဒိုင်းနက်သူရဲတို့သည် မင်းဘာကြီးလက်ထက် တွင် ရခိုင်တပ်မတော်၌ တိုင်းပြည်နှင့်လူမျိုးအပေါ် သစ္စာရှိရှိ၊ တာဝန်သိသိ၊ ဒိုင်းပညာတပ်ကျွမ်းသူများ အချင်းချင်းစုစည်း၍ တပ်ဖွဲ့တစ်ခုအသွင်ဖြင့်တိုင်း ပြည်ကိုကာကွယ်ခဲ့ကြသူများလည်း ဖြစ်ခဲ့ကြသည်။ ထို့ကြောင့် ရခိုင်သမိုင်းတစ်ကွေ့တွင်ဒိုင်းနက်လူမျိုး အဖြစ်အမည်ခေါ်တွင်မှုဖြင့် ရပ်တည်လာခဲ့ခြင်းဖြစ်

သည်။ ဒိုင်းနက်အမည်ရရှိလာမှုသည် ဒိုင်းနက်ငွေခွန်ဖွဲ့စည်းမှု သန္ဓေတည်ခဲ့သည်။ ထိုခေတ်ထိုအချိန်က ဇန်နဝါရီ (၆) ရက်ဟုလက်ဆင့်ကမ်းနှုတ်ထွက်မှတ်သားလာခဲ့မှုသည် ခေတ်ပြိုင်မှတ်တမ်းအရရော တူညီနေကြပြီး ရခိုင်ဒေသခံသမိုင်းမှတ်တမ်းတို့နှင့်လည်း ကိုက်ညီမှုရှိကြောင်းတွေ့ရသည်။

သက္ကမ(ဒိုင်းနက်)တို့သည် ရခိုင်ဒေသတွင် ဒိုင်းနက်အမည်ဖြင့် နှစ်ပေါင်းခြောက်ရာကျော်တိုင်အောင် နေထိုင်လာခဲ့ကြသည့် ဒိုင်းနက်တိုင်းရင်းသားတို့၏ စည်းလုံးညီညွတ်ရေးသည် ကိုလိုနီနယ်ချဲ့တို့၏ပြည်နယ်၊ ပြည်မသွေးခွဲအုပ်ချုပ်ခဲ့မှု ဒေသတွင်းလက်နက်ကိုင်သောင်းကျန်းခဲ့မှု လူဦးရေနည်းပါးမှု စသည် အကြောင်းတို့ကြောင့် သက္ကမ(ဒိုင်းနက်) လူနည်းစုတိုင်းရင်းသားတို့၏ သမိုင်းကြောင်းနှင့် ယဉ်ကျေးမှု အခန်းကဏ္ဍမှေးမှိန်ခဲ့ရသလို လူမျိုးအနေဖြင့်လည်း ဖွံ့ဖြိုးတိုးတက်မှုနောက်ကျခဲ့ရပြီး လူနေမှုအဆင့်အတန်းနိမ့်ကျလာခဲ့ရသည်။

မည်သို့ပင်ဆိုစေ မျက်မှောက်ခေတ် မြန်မာနိုင်ငံ၏ သမိုင်းခေတ်တွင် နိုင်ငံတော်အစိုးရ၏ ရိုးဖြောင့်သန့်စင်သည့် တိုင်းရင်းသားစည်းလုံးညီညွတ်ရေးသ

ဘောထားနှင့်ရပ်တည် ချက်ပေါ်တွင်ကြည်လင်စူးရှ သော တိုင်းရင်းသားစည်းလုံးညီညွတ်ရေးစိတ်ဓာတ် နှင့် ရဲရင့်ရှင်သန်သော ပြည်ထောင်စုစိတ်ဓာတ်တို့ကို လူနည်းစု သက္ကမ(ဒိုင်းနက်) တိုင်းရင်းသားတို့အနေ ဖြင့်လည်း နိုးကြားစွာခံယူလာကြပြီးဖြစ်သဖြင့် သမိုင်းကြောင့်နှင့်ယဉ်ကျေးမှု အခန်းကဏ္ဍပြည့်စုံဖို့ လိုအပ်လာပါသည်။

တိုင်းရင်းသားလူမျိုးအသီးသီးဟူ၍တည်တံ့နိုင် မှုအတွက် ယင်းတို့၏သမိုင်းကြောင်းနှင့်ယဉ်ကျေးမှု၊ စာပေ၊ဘာသာစကား၊စောင့်ထိန်းအပ်သည့် ထုံးတမ်း ဓလေ့များကို တိုးတက်ထွန်းကားခိုင်မာလာအောင် ဖေါ်ထုတ်ခြင်း၊ကြိုးပမ်းဆောင်ရွက်ခြင်းကသာအဓိက ကျသည်။ သက္ကမ(ဒိုင်းနက်) တိုင်းရင်းသားတို့သည် လည်း လူနည်းစုတိုင်းရင်းသားများဖြစ်လေရာ ယင်း တို့၏သမိုင်းကြောင်းနှင့်ယဉ်ကျေးမှု အခန်းကဏ္ဍကို ဖွံ့ဖြိုးတိုးတက်လာစေရန် လိုအပ်ချက်ကို အရှင်ဇော တိပါလအနေဖြင့်လက်လှမ်းမီရာရှာဖွေစုဆောင်းဖတ် ရှုလေ့လာကြိုးပမ်းအားထုတ်ရေးသားဖြည့်ဆည်းပေး နေပြီလည်းဖြစ်ပေသည်။ ပြီးပြည့်စုံသည်ဟုမဆို နိုင်သော်လည်း သမိုင်းကြောင်းနှင့်ယဉ်ကျေးမှုအခန်း

ကဏ္ဍမှေးမှိန်နေခြင်းမှ ထင်ရှားလာစေခြင်းသည်ပင် အရှင်ဇောတိပါလ၏ စွမ်းဆောင် ချက်တစ်စွန်းတစ်စ ကိုဖော်ညွှန်းနေပါလိမ့်မည်။

ရခိုင်သမိုင်းတစ်ကွေ့တွင် အမွေခံယူလိုက်ရသော ဒိုင်းနက်လူမျိုးတို့ကိုရှေးအခါက သက္ကမ(ချက္ကမ) လူမျိုးဟုခေါ်တွင်ခဲ့ကြောင်း စစ်တကောင်းတောင်တန်း ဒေသရှိ အနောက်သက်တို့ ယနေ့တိုင်သက္ကမ(ချက္ကမ) လူမျိုးဟု ခံယူကျင့်သုံးနေခြင်းက အထောက်အထား တရပ်ပင်ဖြစ်သည်။ သက္ကမသည် 'သကျ' ဟူသောဝေါ ဟာရမှရွေ့လျားလာသည်ဟု သုတေသီအချို့ကယူဆ ကြသည်။အချို့ကဘာသာစကားကို အခြေခံကာလေ့ လာ ခြင်းဖြင့် 'သက္ကမ'မှာသာကီဝင်ဟု ယူဆစရာ အကြောင်းရှိသည်ဟုလည်းဆိုသည်။

ယခုအခါရခိုင်ပြည်ရှိ ဒိုင်းနက်လူမျိုးစု တစ်ရပ် လုံးအနေဖြင့် ဒိုင်းနက်အမည်ကို မခံယူလိုတော့ဘဲရှေ့ အခေါ် သက္ကမလူမျိုးအဖြစ်ခံယူရန် သက္ကမအမည် ပြန်လည်သက်ဝင်လာစေရန် ဒိုင်းနက်ငွေခွန်ဖွဲ့စည်း ခြင်းခံရသောနေ့၏ နောက်တစ်နေ့ ဇန်နဝါရီ(၇)ရက် ကိုသက္ကမအမျိုးသားနေ့အဖြစ်သတ်မှတ်ကြရန်တညီ တညွတ်တည်းဆွေးနွေးဆုံးဖြတ်ကာသက္ကမလူမျိုးအ

မည်ဖြင့်ပင်မိမိတို့၏သမိုင်းကြောင်းနှင့်ယဉ်ကျေးမှု၊ စာပေ၊ဘာသာစကား၊ ရိုးရာဓလေ့ထုံးစံများကိုတိုး တက်ထွန်းကားခိုင်မာလာအောင်ဖေါ်ထုတ်ကြိုးပမ်း ဆောင်ရွက်ကြပြီး အမျိုးသားရေးစရိုက်လက္ခဏာ နှင့်အမျိုးဂုဏ်၊ဇာတိဂုဏ်တို့အား အနာဂတ်တွင်ပီပြင် စွာအကောင်အထည်ဖေါ်သွားရန်နှင့် အမျိုးသားနေ့၏ ဦးတည်ချက်ဖြင့်မိမိလူမျိုးတို့၏ ဖွံ့ဖြိုးတိုးတက်မှု ဆောင် ရွက် သွားရန် သက္ကမအမျိုးသားနေ့ကိုနှစ်စဉ် ဇန်နဝါရီလ(၇)ရက်နေ့တွင်အမျိုးသားနေ့သတ်မှတ်၍ ကျင်းပရ ခြင်းဖြစ်ပေသည်။